# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 12 February 2021 ၁၀၂၈၆


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား -**

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အား တောင့်တင်းခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများကြားတွင် စည်းလုံးညီညွတ်မှု လျော့ပါးခဲ့သည့် ကာလများတွင်မူ နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်ကို ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ သူ့ကျွန်ဘဝတွင် နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏ စိုးမိုးခြယ်လှယ်မှု

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်း

**ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူများခင်ဗျာ**

ယခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်မယ့် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယမှာ ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာပါစေကြောင်းနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးလည်း စည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော်အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဦးစွာဆန္ဒပြုမေတ္တာပို့သအပ်ပါတယ်။

**မရှိမဖြစ် အထူးလိုအပ်**


ကျွန်တော်တို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်ကာလ နိုင်ငံတော်ရဲ့တာဝန်တွေ ထမ်းဆောင်နေစဉ်ကာလအတွင်းမှာ နိုင်ငံတော်ရဲ့တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုခွန်အားများ မရှိမဖြစ် အထူးလိုအပ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူလူထုသို့ မိန့်ခွန်းပြောကြားစဉ်။

**"စုပေါင်း ညီညာ၊ အောင်ကြောင်းဖြာ" ဆိုသလို ကျွန်တော်တို့အားလုံး စုစည်းညီညွတ်မှ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်၊ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနဲ့ စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် တို့ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။**

ဘဏ်သို့လာရောက်ရာတွင်
Mask နှင့် Face Shield များကိုမဖြစ်မနေ
ဝတ်ဆင်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်

ကြေးမုံ

# အစဉ်အလေးထားရမည့် ပြည်ထောင်စုနေ့

ယနေ့သည် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစည်းတလုံးတည်း လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိစေရန်အတွက် တောင်တန်း-ပြည်မ မခွဲခြားဘဲ တိုင်းရင်းသားလူထုအားလုံး တညီတညွတ်တည်း၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်မှုကို သက်သေထူ ပြသနိုင်ခဲ့သောနေ့ဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့က လွတ်လပ်ရေးမပေးလို၍ တောင်တန်း-မြေပြန့်ကို မည်သို့ပင်သွေးခွဲစေကာမူ သွေးမကွဲခဲ့ကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ တောင်တန်းဒေသတိုင်းရင်းသားကိုယ်စားလှယ်များ သွေးစည်းမှုကို လက်တွေ့ပြ၍ စည်းလုံးညီညွတ်မှုကို အခိုင်အမာစိုက်ထူခဲ့သောနေ့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ဖြစ်သည်။ ထိုနေ့တွင် ပင်လုံစာချုပ်ကို အားလုံးသဘောတူ လက်မှတ်ရေးထိုးခဲ့သဖြင့် ထိုနေ့မှစ၍ လွတ်လပ်ရေးကို တစ်နှစ်အတွင်းတွင် လက်ဝယ်ပိုင်ပိုင် ရရှိခဲ့ပေသည်။

ပင်လုံစာချုပ် ချုပ်ဆိုခဲ့သောနေ့သည် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး တပေါင်းတစည်းတည်းဖြစ်ကြောင်း ညွှန်းဆိုခဲ့သည့် ပြည်ထောင်စုကြီး တစုတစည်းတည်းဖြစ်သောနေ့အဖြစ် နှစ်စဉ် မမေ့မလျော့ အသိအမှတ်ပြု၍ အထူးတလည်ဂုဏ်ပြုကြရပေမည်။ ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်သောကြောင့် ရရှိခဲ့သောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစွန်းရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူလူထု ပြည်သူအားလုံးတို့က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုကြီးကို အစဉ်အမြဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးကို အစဉ်အမြဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့်တာဝန်များကို နှစ်စဉ် ပြည်ထောင်စုနေ့ အခါသမယသို့ ရောက်လာသည့်အချိန်ကာလတိုင်း အသိပေးချပြလေ့ရှိသော ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ ပါအတိုင်း အလေးထား လိုက်နာဆောင်ရွက်သွားကြရေးပင်ဖြစ်သည်။ ယခုနှစ် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့အတွက် ချမှတ်ထားသော အမျိုးသားရေး ဦးတည်ချက်များမှာ -

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေးတို့ဖြစ်သည်။

ဤအမျိုးသားရေး ဦးတည်ချက် (၅) ရပ်သည် မျက်မှောက်ကာလ တိုင်းရင်းသားပြည်သူများအနေဖြင့် ပြည်ထောင်စုကြီး အစွန်းရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မမိုတ်မသုန် အလေးအနက်ထားပြီး ဝိုင်းဝန်းအကောင်အထည်ဖော်ရမည့် လမ်းညွှန်ချက်များပင် ဖြစ်သည်။ ထိုအမျိုးသားရေးဦးတည်ချက် (၅) ချက်တွင် အစဉ်အမြဲ ဦးထိပ်ပန်ဆင်ထားရမည့်အချက်မှာ ဦးတည်ချက်အမှတ် (၄) ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးဖြစ်သည်။

ကျန်ဦးတည်ချက်လေးရပ်သည် မိမိတို့နိုင်ငံ၏ ပစ္စုပ္ပန်ကာလတွင် ပြည်ထောင်စု၏ ပကတိလိုအပ်ချက်လည်းဖြစ်၊ လက်ငင်းအကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်များလည်း ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းပြည်တွင် ထာဝစဉ်လိုအပ်နေသော အရေးအကြီးဆုံး အရေးသုံးပါးဖြစ်သည်။ ထိုသုံးပါးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးတကာအရေးများတွင် အရေးအကြီးဆုံးအရေးဖြစ်ပြီး ထိုအရေးပျက်ပြားပါက ပြည်ထောင်စုကြီးနှင့်တကွ တိုင်းပြည်၏ အချုပ်အခြာအာဏာပါ ဆုံးရှုံးသွားနိုင်ပါသည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့အတွက် ချမှတ်ထားသော အမျိုးသားရေးဦးတည်ချက်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ပစ္စုပ္ပန်ကာလအတွက် လက်ငင်းပကတိ လိုအပ်ချက်များဖြစ်သည့်အပြင် အသက်တမျှအရေးကြီးသော ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားပြည်သူလူထုအားလုံးတို့က စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။




တန်းတူညီမျှ
အခွင့်အရေးရ
ငြိမ်းချမ်းသာယာ
ပြည်ထောင်စုမှာ၊
တန်းတူညီမျှ
တာဝန်ယူကြ
လုံခြုံခိုင်မာ
ပြည်ထောင်စုမှာ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁-၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၆၀၀ | ၂,၂၀၀ | ၂၁,၁၂၀,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၆၀၀ | ၁,၄၈၀ | ၅,၂၃၅,၀၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၅ | ၄၁, ၅၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၅၀၀ | ၄၉၇ | ၁၀,၉၃၄,၅၀၀ |
| TMH | ၂,၆၅၀ | ၂,၇၅၀ | ၂၂၄ | ၆၀၆,၅၀၀ |
| EFR | ၃,၃၀၀ | ၃,၂၀၀ | ၈ | ၂၅,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၁.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၈.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၇.၀၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၈၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၆.၆၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၂၆၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၄.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၈.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၈၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲသင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မိုမိုအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စာသင်ကျောင်းများကို COVID-19 စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားမယ်

**နိုင်ငံသူ၊ နိုင်ငံသားများရဲ့ ပညာရေးနောက်မကျစေဖို့အတွက်လည်း စာသင်ကျောင်းများကို COVID-19 စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားပါမယ်။ နိုင်ငံ့အနာဂတ်ကို ဆက်လက်ထမ်းဆောင်ရမယ့် ကျောင်းသူ၊ ကျောင်းသားများအားလုံး ကျောင်းတက်ဖို့ စတင်ပြင်ဆင်နိုင်ကြပါပြီ။ တရားဥပဒေစိုးမိုးရေးကို မထိခိုက်ဘူးဆိုရင် ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုပွင့်လန်းလာစေဖို့ ဆက်လက်ဆောင်ရွက်ပါမယ်။ ပိတ်ထားရတဲ့ စက်ရုံ၊ အလုပ်ရုံတွေကို COVID-19 စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပြန်ဖွင့်ပေးသွားပါမယ်။ COVID-19 ကပ်ရောဂါကြောင့် ပြည်ပမှာ ဒုက္ခရောက်နေတဲ့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေ ပြန်လာနိုင်ဖို့ ကျွန်တော်တို့ စတင်ဆောင်ရွက်နေပါပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုရောက်နေတဲ့ နေရပ်စွန့်ခွာသွားသူများကိုလည်း နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ကျွန်တော်တို့နိုင်ငံရဲ့ ရပ်တည်ချက်နဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်တွင်းနေရပ်စွန့်ခွာသူများ(IDP Camp)များကိုလည်း အဖြစ်နိုင်ဆုံး နေရပ်ပြန်စေရေး ဆွေးနွေးဆောင်ရွက်သွားပါမယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၈-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အစွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားသွေးချင်းတို့ကြားတွင် အမျိုးမျိုးသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုလျော့ပါးခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းသင်ခန်းစာတစ်ရပ်ပင်ဖြစ်ပါသည်။

ဆုံးရှုံးခဲ့ရသော နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများသည် နိုင်ငံ့တပ်မတော်နှင့်အတူ လက်တွဲကာ အသက်ပေါင်းများစွာပေး၍ မလျှော့သောဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်သန်းကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သည့် ဦးဆောင်မှုဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်သွေးစည်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာပြန်လည်တည်ဆောက်နိုင်ခဲ့ကြပါသည်။ ယင်းသို့သော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသည့် သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့် တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထိုသို့ တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား –**

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး တပ်မတော်နှင့်အတူ မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ထာဝစဉ်ကိန်းအောင်းတည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မမိုတ်မသုန် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲကာ စတင်ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ယနေ့ကာလတိုင်အောင် အပြီးတိုင်မဖြေရှင်းနိုင်သေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနေရသည်ကို တိုင်းရင်းသားညီနောင်များအားလုံး ကောင်းစွာသိမြင်ကြပြီးဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝ ဖော်ဆောင်နိုင်ခြင်း မရှိသေးသမျှ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးတရားများကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားနိုင်ရန် အခွင့်အလမ်းများ နည်းပါးနေဆဲ ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ဘုံသဘောတူညီချက်များရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကိုပါ သဘောတူချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်ပါသည်။

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ခိုင်မာသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များမှအပ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အချိန်ကာလအပိုင်းအခြားဖြင့် ရပ်ဆိုင်းပေးလျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား –**

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန်ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို အောင်မြင်စွာပုံဖော်တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများ၏ အသက်သွေးကြော(Mother Law)သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသော လုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါသည်။

တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါ COVID–19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသလို ဆက်လက်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရေးနှင့်အတူ ကပ်ရောဂါဘေးအလွန်ကာလတွင်လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းကမ်းတကျ ဆောင်ရွက်သော ညီညွတ်မှုစွမ်းအားဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးနက်စွာဆန္ဒပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

* * * * * *

❖ ပြည်ထောင်စုသမ္မတမှ

"စုပေါင်းညီညာ၊ အောင်ကြောင်းဖြာ" ဆိုသလို ကျွန်တော်တို့အားလုံး စုစည်းညီညွတ်မှ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်၊ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်တို့ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို စုစည်းညီညွတ်စွာ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုး သယ်ပိုးနိုင်ဖို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ဖို့လိုအပ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ ရည်မှန်းချက်တွေ ပြည့်ဝမှာဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ ပတ်သက်ပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့မှ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ကမ္ဘာအနှံ့ ဖြစ်ပွားနေတဲ့ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံ့စွမ်းအားတွေ၊ ပြည်သူလူထုရဲ့ ကျန်းမာကြံ့ခိုင်ရေးအခြေအနေတွေ မယုတ်လျော့စေဖို့ ကျွန်တော်တို့ အထူးဂရုစိုက်ဆောင်ရွက်လျက်ရှိနေပါတယ်။ ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးနီးပါးနဲ့ စေတနာ့ဝန်ထမ်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးနှင့်အထက် နိုင်ငံ့ဝန်ထမ်းအချို့ကို ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖြစ်ပါတယ်။ မိမိအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at Home)နဲ့ အကျုံးဝင်တဲ့ မြို့နယ်များမှာ နေထိုင်တဲ့ အသက်(၆၅)နှစ်အထက်ရှိ မိဘပြည်သူများကို စတင်ထိုးနှံပေးလျက်ရှိပြီး ဆက်လက်ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် အိန္ဒိယနိုင်ငံက COVID-19 ကာကွယ်ဆေး COVISHIELD injection ဆေး **(၂ သန်း)** ဒုတိယအသုတ် ရောက်ရှိလာမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ရဟန်း သံဃာတော်များပါမကျန် မြန်မာနိုင်ငံသားအားလုံး COVID-19 ကာကွယ်ဆေးကို အမြန်ဆုံးထိုးနှံနိုင်ပြီး ကျန်းမာကြံ့ခိုင်ကြစေဖို့ ကျွန်တော်တို့အနေနဲ့ အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအစီအစဉ်သစ်မှာ **(တစ်)** FDA က အသိအမှတ်ပြုပြီး အာမခံချက်နှင့် ထိရောက်မှုရှိတဲ့ ကာကွယ်ဆေးအမျိုးအစားသစ်များ ခွင့်ပြုခြင်းနဲ့ **(နှစ်)** ပုဂ္ဂလိကထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကို ခွင့်ပြုခြင်းတို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရုရှားနိုင်ငံထုတ် Sputnik V Vaccine ဆေး၊ တရုတ်နိုင်ငံထုတ် SARS COVI Vaccine ဆေးနဲ့ အိန္ဒိယနိုင်ငံထုတ် COVAXIN Vaccine ဆေးတို့ကို ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ အဲဒီဆေးတွေဟာ ကမ္ဘာ့နိုင်ငံတွေမှာ လက်ရှိ လက်တွေ့ အသုံးပြု နေတဲ့ဆေးတွေ ဖြစ်ပါတယ်။ နိုင်ငံတော်အစီအစဉ်နဲ့ ဆက်လက်တင်သွင်းပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်သွားပါမယ်။ ဒ့ါအပြင် နိုင်ငံတစ်ဝန်း အမြန်ဆုံးလွှမ်းခြုံနိုင်စေဖို့ စေတနာရှင် မိဘပြည်သူများလည်း ဒီလုပ်ငန်းစဉ်မှာ ထိထိရောက်ရောက် ထဲထဲဝင်ဝင် ပါဝင်နိုင်စေဖို့အတွက် ပုဂ္ဂလိက ကာကွယ်ဆေး တင်သွင်းထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကိုလည်း စည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ ကျွန်တော်တို့ ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ဒါမှ ကာကွယ်ဆေးထိုးနှံရေး အတွက် မိမိတို့ အလှည့်မရောက်သေးဘဲ အချိန်ဆောလျင်စွာ ထိုးနှံနိုင်မှာဖြစ်ပြီး အချိန်တိုအတွင်းမှာ ကာကွယ်ဆေးထိုးနှံမှုဟာ လွှမ်းခြုံမှုမြင့်မားလာမှာဖြစ်တဲ့အတွက် COVID ကာကွယ်ရေးလုပ်ငန်းတွေ ပိုမိုအကျိုးဖြစ်ထွန်းလာမှာပဲဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူများအနေနဲ့ အထူးသတိပြုရမှာကတော့ ဒီကာလဟာ ကမ္ဘာမှာ COVID-19 ရောဂါပျံ့နှံ့ဖြစ်ပွားနေဆဲ ကာလဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးရသေးခင်အထိ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်ကြဖို့ အလွန်အရေးကြီးပါတယ်။ ယခုကာလမှာ လူစုလူဝေးနဲ့ သွားလာနေတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ COVID-19 ကူးစက်၊ ပြန့်ပွား၊ ဖြစ်ပွားမှုနှုန်းမြင့်မားလာစေမှာဖြစ်လို့ ရှောင်ကြဉ်ကြဖို့ ကျွန်တော် အထူးတိုက်တွန်းလိုပါတယ်။ COVID-19 ကပ်ရောဂါကို ထိရောက်စွာ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ရောဂါစစ်ဆေးခြင်းလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင်လည်း စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ COVID ကြောင့် တုံ့နှေးနေတဲ့လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ဖို့ အဲဒီအစီအမံတွေ မဖြစ်မနေလိုအပ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းရှိရှိ လိုက်နာခြင်း၊ ပါဝင်ကူညီခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဆေးရုံများမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံ့ဝန်ထမ်းများနဲ့ပတ်သက်ပြီး **"နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်"** လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လိုအပ်ချက်တွေရှိကောင်းရှိနေနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်စိစစ်ပြီး နိုင်ငံ့ဝန်ထမ်းများ အကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့်ရရှိသူများလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍများ ကောင်းမွန်စွာ လည်ပတ်နိုင်ဖို့အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရတဲ့ ဂုဏ်ယူစရာကောင်းသူများဖြစ်ကြပါတယ်။ ဒီဂုဏ်သိက္ခာကို ကျွန်တော်တို့ စောင့်ထိန်းကြရမှာဖြစ်ပါတယ်။

ဒီနေ့အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်းအချို့ဟာ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မိမိတို့ရဲ့လုပ်ငန်းခွင်တာဝန်များမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်မှာ အခက်အခဲများကြားက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကိုလည်း မသမာသူတွေက နည်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေတာ တွေ့ရပါတယ်။ ကျွန်တော် မနေ့က ကြေညာချက်ထုတ်ပြန်တားဆီးတာတွေ၊ တိုက်တွန်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထိထိရောက်ရောက်ဖြစ်စေဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုအပေါ်မှာ စေတနာထားတာဝန်ကျေပွန်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ မိမိတို့တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်တာတွေလည်း ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်နဲ့ပြည်သူလူထုအပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ ကင်းကွာနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း မိမိတို့ရဲ့ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

**ဒီနေ့အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်းအချို့ဟာ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မိမိတို့ရဲ့လုပ်ငန်းခွင်တာဝန်များမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်မှာ အခက်အခဲများကြားက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကိုလည်း မသမာသူတွေက နည်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေတာ တွေ့ရပါတယ်။ ကျွန်တော် မနေ့က ကြေညာချက် ထုတ်ပြန်တားဆီးတာတွေ၊ တိုက်တွန်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထိထိရောက်ရောက်ဖြစ်စေဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။**

နောက်တစ်ခုကတော့ ပြီးခဲ့တဲ့ရွေးကောက်ပွဲကိစ္စပဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များမှာ ရွေးကောက်ပွဲကျင်းပခြင်း၊ ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်းလို့ အတိအလင်းပြဋ္ဌာန်းပါတယ်။ မဲစာရင်းများပြုစုခြင်းနဲ့ ပြင်ဆင်ခြင်းဟာ UEC ရဲ့ တာဝန်ပဲဖြစ်ပါတယ်။ စစ်ဆေးကြည့်တဲ့အခါ မဲစာရင်းများကို ဖြစ်သလိုပြုလုပ်ထားတာတွေ့ရပါတယ်။ အချို့နေရာတွေမှာ တပ်မတော်က စစ်ဆေးဖော်ထုတ်ထားတဲ့ မဲစာရင်းတွေထက်ကို စာရင်းများ ပိုမိုနေကြောင်း တွေ့ရပါတယ်။ ကျွန်တော် ယခင်ကပြောခဲ့သလို ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးပြီးနောက် အထွေထွေရွေးကောက်ပွဲကြီး (၃)ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ (၂)ကြိမ် ကျင်းပခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း ဦးသိန်းစိုးဦးဆောင်တဲ့ UEC အဖွဲ့၊ ဦးတင်အေး ဦးဆောင်တဲ့ UEC အဖွဲ့နဲ့ ဦးလှသိန်း ဦးဆောင်တဲ့ UEC အဖွဲ့ဆိုပြီး အဖွဲ့ ၃ ဖွဲ့ရှိခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တိုင်းသည် လွတ်လပ်တဲ့ကော်မရှင်တွေဖြစ်ရမှာ ဖြစ်ပါတယ်။ လွတ်လပ်တဲ့ကော်မရှင်တွေဖြစ်ကြောင်းလည်း ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၅ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ကော်မရှင်တွေက သက်သေပြပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီ အငြင်းပွားမှု၊ စောဒကမှု၊ ရွေးကောက်ပွဲကာလအတွင်းနဲ့ ရွေးကောက်ပွဲအပြီး အငြင်းပွားမှု၊ စောဒကမှုတွေကို နှစ်ဦး၊ နှစ်ဖက် လက်ခံသည်အထိ ဖြေရှင်းပေးခဲ့ပါတယ်။

ရွေးကောက်ပွဲကော်မရှင်တိုင်းသည် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ကို အဓိက ဦးတည်ဆောင်ရွက်ရတာဖြစ်ပါတယ်။ သူတို့ဒီလိုဆောင်ရွက်ပေးမှ ကောင်းမွန်တဲ့ အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရဆိုတာ ဖြစ်လာမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင်က ဒီတာဝန်ဝတ္တရားတွေကို ချို့ယွင်းခဲ့ရင် ကျွန်တော်တို့ရည်မှန်းခဲ့တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းဖို့ အလှမ်းဝေးစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ သူတို့ရဲ့ပြုမူဆောင်ရွက်ချက် တာဝန်ထမ်းဆောင်မှုများကို တာဝန်ယူရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)အရ ရွေးကောက်ပွဲကော်မရှင်ကို သမ္မတကခန့်အပ်ရခြင်း၊ ပုဒ်မ ၄၀၀ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက စွပ်စွဲပြစ်တင်နိုင်ခြင်း စတဲ့ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သမ္မတကြားမှာ အပြန်အလှန်ဆက်သွယ်မှု၊ အပြန်အလှန်ထိန်းကျောင်းမှုပြုနေတဲ့ သဘောသက်ရောက်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ လိုက်နာဆောင်ရွက်ရတဲ့ အခြေခံဥပဒေပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ အနည်းဆုံး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များပင် လိုက်နာပါမည်လို့ ကျမ်းသစ္စာဆိုချက်ပုံစံပါ **"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်"** ဆိုတဲ့ ကျမ်းသစ္စာပြုချက်ကို အလေးထားလိုက်နာရမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ ယနေ့အရေးပေါ်ကာလ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်အတွင်းမှာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းရှိသမျှ ဆောင်ရွက်သွားပါမယ်။ ပြည်ထောင်စုရဲ့ရည်မှန်းချက်ဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ဖြစ်ရေး ဆောင်ရွက်ပါမယ်။ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ် ပီပြင်စွာဖြစ်လာစေရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရေး ဆက်လက်ဆောင်ရွက်ပါမယ်။ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မမှိတ်မသုန် လျှောက်လှမ်းရင်း ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ရည်မှန်းချက်များ ပြည့်စုံအောင် ဖြည့်ဆည်းသွားပါမယ်လို့ ပြောကြားလိုပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူလူထုအပေါ် မှာ စေတနာထားတာဝန်ကျေပွန်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ မိမိတို့တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်တာတွေလည်း ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်နဲ့ပြည်သူလူထုအပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ ကင်းကွာနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း မိမိတို့ရဲ့ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့ လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမျှော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ကပ်လှူပူဇော်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညို၍ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်သည်။

**ဆောင်ရွက်နိုင်ပြီ**

ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများအား ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီး အများပြည်သူများအနေဖြင့် မိမိတို့ဘာသာရေးဆိုင်ရာ ဝတ်ပြုခြင်းများကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံခြားရေးဝန်ကြီး(၂)အား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) the Honourable Dato Seri Setia Haji Erywan bin Pehin Datu Pekerma Jaya Haji Mohd. Yusuf အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးသည်။



**အမြင်ချင်းဖလှယ်**

ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂)အား ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ ပေါင်းစည်းညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံလျက် အာဆီယံဒေသတွင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပါအဝင် မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အာဆီယံအသိုက်အဝန်းတည်ထောင်ရေးကြိုးပမ်းမှုများနှင့် အာဆီယံ၏ဦးစားပေးလုပ်ငန်းများ အောင်မြင်စေရန် အပြည့်အဝထောက်ခံပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
ပြည်ထောင်စုဝန်ကြီးများ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ စက်ရုံများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးကိစ္စ၊ အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်း စသည့်လုပ်ငန်းများ အဆင်ပြေချောမွေ့ရေးကိစ္စ၊ အကောက်ခွန်ဦးစီးဌာနမှ စက်သုံးဆီများ တင်သွင်းမှု အဆင်ပြေချောမွေ့ရေးကိစ္စ၊ ကိုဗစ်-၁၉ ကာလအတွင်း ပိတ်ထားရသော တိရစ္ဆာန်ဥယျာဉ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်စေရေးနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ပိုမိုလျင်မြန် သွက်လက်စွာဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်နာလန်ထူလာစေရေးအတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများကို ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်းပေးရမည့်ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၅၂/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးကျော်မျိုးထွဋ်အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၅၄/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် –

(၁) ဦးမြင့်စိုး
(၂) ဦးဇေယျာလင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၅၅/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် –

| | | |
|---|---|---|
| (၁) | ဦးဗိုလ်ဌေး | ဥက္ကဋ္ဌ၊ မြို့တော်ဝန် |
| (၂) | ဦးညီညီ | ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် |
| (၃) | ဦးညွန့်ဖေ | အတွင်းရေးမှူး |

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၅၃/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလိုက်သည်။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်–

(၁) ကချင်ပြည်နယ်
- (က) ဦးမျိုးဆွေ
- ( ခ) ဦးတိန့်ဆောင်

(၂) ကယားပြည်နယ်
- (က) ဦးပေါလူချမ်း
- ( ခ) ဒေါ်စူးမြာယဉ်ယဉ်လေး

(၃) ကရင်ပြည်နယ်
- (က) ဦးစောခင်မောင်မြင့်
- ( ခ) ဦးဇော်ဝင်း

(၄) ချင်းပြည်နယ်
- (က) ဦးငွန်းဆွန်းအောင်
- ( ခ) ဦးဂိုဆွင်းခိုင်

(၅) စစ်ကိုင်းတိုင်းဒေသကြီး
- (က) ဦးလှဟန်
- ( ခ) ဒေါ်ရီရီသန်း

(၆) တနင်္သာရီတိုင်းဒေသကြီး
- (က) ဦးမောင်ကြီး
- ( ခ) ဦးခင်မောင်မြင့်

(၇) ပဲခူးတိုင်းဒေသကြီး
- (က) ဦးဌေးလွင်ဦး
- ( ခ) ဦးတင်ဦး

(၈) မကွေးတိုင်းဒေသကြီး
- (က) ဒေါက်တာစန်းလှိုင်
- ( ခ) ဦးစိုင်းမြင့်အေး

(၉) မန္တလေးတိုင်းဒေသကြီး
- (က) ဦးမျိုးအောင်
- ( ခ) ဦးသိန်းဌေး

(၁၀) မွန်ပြည်နယ်
- (က) ဦးဇော်လင်းထွန်း
- ( ခ) ဦးအောင်ကြည်သိန်း

(၁၁) ရခိုင်ပြည်နယ်
- (က) ဦးစံရွှေမောင်
- ( ခ) ဦးသန်းထွန်း

(၁၂) ရန်ကုန်တိုင်းဒေသကြီး
- (က) ဦးအောင်သန်းဦး
- ( ခ) ဦးဇော်ဝင်း

(၁၃) ရှမ်းပြည်နယ်
- (က) ဦးခွန်သိန်းမောင်
- ( ခ) ဦးစိုင်းလိတ်

(၁၄) ဧရာဝတီတိုင်းဒေသကြီး
- (က) ဦးတင်အေး
- ( ခ) ဦးအုန်းမြင့်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၆ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးစောဟန် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်
(၂) ဦးဝင်းမောင် အတွင်းရေးမှူး

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၇ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ တပ်မတော်အရာရှိကြီးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | လေ ၂၅၂၂<br>နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဒုတိယဗိုလ်မှူးကြီး | ညီညီကျော် |
| (၂) | ကြည်း ၃၄၁၀၀<br>ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဒုတိယဗိုလ်မှူးကြီး | တင်နိုင်ဦး |
| (၃) | ကြည်း ၃၀၅၄၅<br>ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဒုတိယဗိုလ်မှူးကြီး | ညီညီတင် |
| (၄) | ကြည်း ၃၀၁၃၂<br>ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဒုတိယဗိုလ်မှူးကြီး | မိုးမင်းဝင်း |
| (၅) | ကြည်း ၃၂၁၁၈<br>ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဒုတိယဗိုလ်မှူးကြီး | သော်နောင် |
| (၆) | ကြည်း ၃၄၀၅၆<br>“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ဒုတိယဗိုလ်မှူးကြီး | အောင်ကျော်စိုး |

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❁ ရွှေတိဂုံစေတီတော်ကြီးမှ**

တစ်ခါတက်ရင် လူဦးရေ ၅၀၀ တက်ရမည်ဖြစ်ပြီး မုခ်ဦးလေးခုမှ အတက်/အဆင်းပြုလုပ်ကာ ဖူးမြော်နိုင်ကြောင်း သိရသည်။ ရွှေတိဂုံစေတီတော်ကို ဘုရားဖူးများ လာရောက်ဖူးမြော်လိုလျှင် နှာခေါင်းစည်း တပ်လာရမည်။ ကိုယ်လက်ဆေးဖျန်းခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်းအပြင် အမည်၊ နေရပ်လိပ်စာများ စာရင်းဖြည့်သွင်းမှတ်ပုံတင်ပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာအနေအထားဖြင့် ဖူးမြော်ကြစေလိုကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏တိုက်တွန်းချက်များအရ သိရသည်။

ကိုမြင့်မောင်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သမားရေးရာဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွက် အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမများ၌ ကျင်းပသည်။



**လစဉ်ကျင်းပဆောင်ရွက်ခဲ့**

အလုပ်သမားရေးရာဆိုင်ရာဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကို လစဉ်ကျင်းပဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ငန်းခွင်ဆောင်ရွက်မှုအခက်အခဲများ၊ နေထိုင်သွားလာရေးဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍ အသီးသီးတင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများသည် အလုပ်သမားများနှင့်ပတ်သက်သည့် အရေးကိစ္စများကို အဓိက ဆောင်ရွက်ရသူများဖြစ်ပြီး ပြည်တွင်းရှိ အလုပ်သမားကိစ္စများအပြင် ပြည်ပရောက် မြန်မာအလုပ်သမားများ၏ ကိစ္စအဝဝကိုလည်း တာဝန်ယူကိုင်တွယ်ဖြေရှင်းပေးကြရပါကြောင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားဆိုရာတွင်လည်း တရားဝင်အလုပ်လုပ်ကိုင်သူများသာမက အကြောင်းအမျိုးမျိုးကြောင့် တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်လည်း သက်ဆိုင်ရာနိုင်ငံမှ အလုပ်သမားသံအရာရှိများက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ငန်းခွင်ဆောင်ရွက်မှု၊ လုပ်ခလစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ အဆင်ပြေစေရေး၊ နစ်နာမှုမရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့စဉ်ဆောင်ရွက်နေကြသည့် ဝန်ထမ်းများသည် နေ့စဉ်ကုသိုလ်ရနေကြသည့်သူများဖြစ်ပါကြောင်း။

ယခု ကိုဗစ်-၁၉ ဖြစ်ပွားသည့်ကာလအတွင်း အခက်အခဲ အကျပ်အတည်းများဖြစ်ပေါ်နေသည့် ပြည်တွင်းပြည်ပ မြန်မာအလုပ်သမားများကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားတွင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ နေထိုင်သွားလာလုပ်ကိုင်ခြင်းများအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက်ဌာနအလိုက်ဝန်ထမ်းများက လုပ်ငန်းအလိုက်လိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းပီပီ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်နှင့် အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာဖော်ဆောင်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် ဆက်စပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသူများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ နယ်စပ်ဂိတ်များ၊ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များ၌ တရားမဝင် ဝင်/ထွက်သွားလာမှုများမရှိစေရေးအတွက် လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကို လည်းကောင်း၊ နိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသားအရည်အချင်းဖြစ်တည်မှုပေါ် မူတည်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက် လူဦးရေစာရင်းဇယားများ တိကျမှန်ကန်စေရေးအတွက်လည်းကောင်း ကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် အရေးပါသည့်အခန်းကဏ္ဍမှ ဆောင်ရွက်နေကြသူများဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းပီပီ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုတိုင်း၌ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဌာန၏ ရည်မှန်းချက်တာဝန်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်တိုင်းကို စေတနာသန့်သန့်ဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ နေထိုင်ကြရန်နှင့် ယခုဆန္ဒဖော်ထုတ်ပွဲတွင် ဝန်ထမ်းများ၏ နေထိုင်သွားလာလုပ်ကိုင်ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**တင်ပြ**

ထို့နောက် လုပ်ငန်းလိုအပ်ချက်များကို ဌာနအလိုက် တာဝန်ရှိသူများက တင်ပြကြရာ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုအခါ အရေးပေါ်ကာလ သတ်မှတ်ထားသည့်အတွက် နေထိုင်သွားလာမှုများအား စနစ်တကျဂရုပြုဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းတိုင်းသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြရေး၊ မိမိဌာနရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

**သတင်းစဉ်**

# လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၈ /၂၀၂၂**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)**

**လွတ်ငြိမ်းချမ်းသာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျအကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှအကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်(ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသောပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်-

(က) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်(လွတ်ရက်မရှိ)ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်၊

( ခ ) ထောင်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်(ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲထားသူများမပါ)၊

( ဂ ) ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲထားသူများအား ထောင်ဒဏ် နှစ် ၅၀ သို့ လျှော့ပေါ့ကျခံစေရန်၊

(ဃ) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်၊ ထောင်ဒဏ် နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံနေရသောထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၉ /၂၀၂၂**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျအကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန် အတွက်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူ ၂၃၃၁၄ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ “နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၀ /၂၀၂၂**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပြတ်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသားအကျဉ်းသား/သူ ၅၅ ဦး တို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ “နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့ အသိပေးချက်

ယခုကာလတွင် တာဝန်သိစွာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအပေါ် အနှောင့်အယှက်ဖြစ်စေရန်အတွက် မသမာသူတချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်ထမ်းဆောင်မှုကို ထိခိုက်စေနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများကြုံတွေ့ရပါက အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်တိုင်ကြားနိုင်ပါသည်။ ထိုကဲ့သို့ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်သိ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်မှု ပြုလုပ်နေသူများကို စစ်ဆေးဖော်ထုတ်တွေ့ရှိပါက ဥပဒေနှင့်အညီ ပြင်းထန်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည် -

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

- ၀၂ ၄၀၃၉၆၃၅
- ၀၂ ၄၀၃၇၁၉၉
- ၀၂ ၄၀၃၆၈၆၉
- ၀၂ ၄၀၃၆၉၇၈
- ၀၉ ၇၉၇၁၄၄၁၄၄
- ၀၉ ၆၉၄၇၄၀၃၁၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့ အသိပေးချက်

ယခုကာလတွင် တာဝန်သိစွာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအပေါ် အနှောင့်အယှက်ဖြစ်စေရန်အတွက် မသမာသူအချို့မှ နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်ထမ်းဆောင်မှုကို ထိခိုက်စေနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများ ကြုံတွေ့ရပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။ ထိုကဲ့သို့ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်သိနိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်မှုပြုလုပ်နေသူများအား စစ်ဆေးဖော်ထုတ်တွေ့ရှိပါက ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

- ၀၆၇ ၄၁၂၁၆၈
- ၀၆၇ ၄၁၂၂၂၂
- ၀၆၇ ၄၁၂၄၆
- ၀၆၇ ၄၁၂၃၈၇
- ၀၆၇ ၄၁၂၃၈၈
- ၀၆၇ ၄၁၂၄၄၄
- ၀၆၇ ၄၁၂၅၉၈
- ၀၆၇ ၄၁၂၀၆၆
- ၀၆၇ ၄၁၂၅၃၉
- ၀၆၇ ၄၁၂၅၄၀

# စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော်  ဖေဖော်ဝါရီ ၁၁**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ဝိုင်းဝန်းဆွေးနွေး အဖြေရှာနိုင်ရေးကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ကို ကာလတိုသာ တာဝန်ယူမှာဖြစ်သည့်အတွက် တာဝန်ယူစဉ်ကာလအတွင်းမှာ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းတွင် နိုင်ငံ့စီးပွားရေးကို အမြန်ဆုံးဦးမော့လာစေရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ကြိုဆိုဖိတ်ခေါ်ရေး၊ မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံများနှင့် မြန်မာနိုင်ငံကို စိတ်ဝင်စားသော နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ယခင်သဘောတူညီချက်များကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ယခင်အစိုးရက မူအားဖြင့် သဘောတူထားသည့် ခွင့်ပြုမိန့် စောင့်ဆိုင်းနေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း အမြန်ခွင့်ပြုချက်ရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမြန်တင်ပို့နိုင်ရေးစသည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပါရှိခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံး စီးပွားရေးကျဆင်းနေချိန်တွင် မြန်မာနိုင်ငံလည်းအပါအဝင်ဖြစ်သောကြောင့် စီးပွားရေးအမြန်ဆုံး နာလန်ထူနိုင်ဖို့ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားဖို့ လမ်းညွှန်ထားပါကြောင်း၊ လက်ရှိ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများထဲမှ လက်တွေ့မကျသော၊ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ အဟန့်အတားဖြစ်စေသော ကိစ္စရပ်တွေကိုသာ သေချာစွာလေ့လာသုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း။

### အဓိကထား ဆောင်ရွက်သွားမည်

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ ပြေပြစ်သွက်လက်ရေး၊ ဌာနတွင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုလျှော့ချရေး၊ သက်ဆိုင်ရာဌာနများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို အဓိကထားကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ချောမွေ့စေဖို့ ဆောင်ရွက်မည့် Streamlining and Simplifying Procedures ဖြစ်သည့် လုပ်ထုံးလုပ်နည်းအဆင့်များလျှော့ချကာ ရိုးရှင်းလွယ်ကူစေရေးနည်းလမ်း၊ ဌာနအသီးသီး၏ လုပ်ငန်းစဉ်များ၊ ဝန်ဆောင်မှုများကို Online ဝန်ဆောင်မှု ဖြစ်နိုင်သလောက် ရနိုင်အောင်လုပ်ဆောင်မည့် Maximizing Online Services နည်းလမ်း၊ ရင်းနှီးမြှုပ်နှံထားပြီးသူများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ပံ့ပိုးကူညီဖြေရှင်းဆောင်ရွက်ပေးမည့် Assuring aftercare services နည်းလမ်း၊ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ဖိစီးမှုဖြစ်ပေါ်နေခြင်းကို လျှော့ချဖို့လုပ်ဆောင်မည့် Reducing Regulatory Burden နည်းလမ်းနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သိသင့်သိထိုက်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေဖို့ ဆောင်ရွက်သွားမှာဖြစ်သလို အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးမှုများကို လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည့် Transparency Enhancement နည်းလမ်းကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတိုကောက်အားဖြင့် SMART Programme အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးရာ၌ သက်ဆိုင်ရာဌာနများသို့ သဘောထားမှတ်ချက်များ တောင်းခံခြင်း၊ ထောက်ခံချက်တောင်းခံခြင်းကို ဖြေလျှော့မည်ဖြစ်ကြောင်း၊ မဖြစ်မနေ လိုအပ်သည့်ကိစ္စရပ်များအတွက် တောင်းခံလာပါကလည်း သက်ဆိုင်ရာဌာနများက ဆောလျင်စွာ ပြန်ကြားပေးကြရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးကို အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ရာ ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း စီစဉ်ထားပါကြောင်း၊ ပထမလုပ်ငန်းစဉ်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယခင်က ရေးဆွဲထားပြီးဖြစ်သည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure – SOP) ကို ပြန်လည်သုံးသပ်ပြီး ထပ်မံဖြေလျှော့ပေးနိုင်မည့် အစီအစဉ်များဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနများနှင့် အမြန်ဆုံးညှိနှိုင်းသွားရန် ဆောင်ရွက်ထားရှိပါကြောင်း။

### ဖြည့်စွက်ဖွဲ့စည်းသွားမည်

ဒုတိယအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ (One Stop Service – OSS) စင်တာကို အောင်မြင်နေသော သီလဝါအထူးစီးပွားရေးဇုန်မှ OSS ကဲ့သို့ ပြုပြင်စုဖွဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ OSS များတွင် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ပေးထားသော အရာရှိကြီးများအနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းက ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ပိုင်ခွင့်ကို အပြည့်အဝအပ်နှင်းပြီး လုပ်ဆောင်နိုင်ဖို့ လိုအပ်မှာဖြစ်ပါကြောင်း၊ သို့မှသာ ထိရောက်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် OSS ဖြစ်လာမှာဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ အမှန်တကယ် လိုအပ်သည့်ဌာနများ ထပ်မံဖွဲ့စည်းရန် လိုအပ်ပါက ဖြည့်စွက်ဖွဲ့စည်းသွားမည် ဖြစ်ပါကြောင်း။

တတိယလုပ်ငန်းစဉ်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရာတွင် မဖြစ်မနေ ရယူရန်လိုအပ်သည့် လိုင်စင်၊ ပါမစ်နှင့် ခွင့်ပြုမိန့်ကိစ္စများကို ပြန်လည်သုံးသပ် ဆောင်ရွက်မှာဖြစ်ပါကြောင်း၊ လိုင်စင်၊ ပါမစ်တွေကို ကြည့်မည်ဆိုလျှင် တချို့မှာ စီးပွားရေးလုပ်ငန်းနယ်ပယ်အတွက် စိစစ်ဆောင်ရွက်ရန် လိုအပ်ချက်ရှိသောကြောင့်လည်းကောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း လိုအပ်သည့် လိုင်စင်အမျိုးအစားဖြစ်ပါကြောင်း၊ အချို့လိုင်စင်၊ ပါမစ်စသည်တို့မှာ နိုင်ငံ့အတွက်၊ လုပ်ငန်းကဏ္ဍနယ်ပယ်အတွက် ထိခိုက်မှုများစွာ မရှိနိုင်သလို အန္တရာယ်မရှိသလောက် နည်းပါးသည့် (Low Risk) အခြေအနေမျိုးလည်းရှိပါကြောင်း၊ အချို့မှာ လုံးဝမလိုအပ်ဘဲ ရယူဆောင်ရွက်နေရသည့် လိုင်စင်၊ ပါမစ်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လိုင်စင်၊ ပါမစ်ရယူခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ လိုအပ်သလို သုံးသပ်ဖြေလျှော့ရေးဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်ချက်များရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်ဆန်စွာ စိစစ်ခွင့်ပြုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ် ဆွေးနွေးပြောကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးဝေရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၁၁**
မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

### ညှိနှိုင်းဖြေရှင်းရန် တွေ့ဆုံခြင်းဖြစ်

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများကို သိရှိရန်နှင့် လုပ်ငန်းခွင်၌ ဖြစ်ပေါ်နေသောအခက်အခဲများကို ညှိနှိုင်းဖြေရှင်းရန် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ငွေကြေးမူဝါဒရေးရာဌာနအနေဖြင့် နိုင်ငံ၏ငွေကြေးမူဝါဒနှင့် ငွေရေး ကြေးရေးကဏ္ဍကို စည်းမျဉ်းထိန်းကျောင်းခြင်းများကို ဆောင်ရွက်လျက်ရှိသော ဌာနဖြစ်၍ အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် တက်ညီလက်ညီလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အခက်အခဲရှိပါက ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့၏ သမိုင်းပေးတာဝန်များကို ပခုံးပြောင်း၍ စည်းလုံးညီညွတ်ကျေပွန်စွာဖြင့် ထမ်းဆောင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ခြုံငုံရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးသည်။

### တင်ပြ

ဆွေးနွေးပွဲ၌ ငွေကြေးမူဝါဒနှင့် အတိုးနှုန်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော စီးပွားရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အချက်အလက်နှင့် ကိန်းဂဏန်းများရရှိရန် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နှစ်ချုပ်အစီရင်ခံစာ၊ ငွေကြေးမူဝါဒအကောင်အထည်ဖော် ဆောင်ရွက်ချက်အစီရင်ခံစာနှင့် Quarterly Financial Statistics Bulletin များ ထုတ်ဝေခြင်း၊ ဘဏ်လုပ်ငန်းစည်းမျဉ်းဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းမှုများနှင့် စည်းမျဉ်းများထုတ်ပြန်ခြင်း၊ နိုင်ငံခြားဘဏ်များနှင့် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ AML/CFT ဆိုင်ရာကိစ္စများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော IMF၊ ကမ္ဘာ့ဘဏ်၊ SEACEN တို့နှင့် မူဝါဒရေးရာ၊ သင်တန်းနှင့် ချေးငွေဆိုင်ရာများကို ဆက်သွယ်ဆောင်ရွက်ခြင်းလုပ်ငန်းကဏ္ဍများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။



ယင်းနောက် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လုပ်ငန်းထိရောက်မြန်ဆန်မှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဝန်ကြီးဌာနပြခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော်   ဖေဖော်ဝါရီ ၁၁**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနပြခန်းကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းသားတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ် ဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် ပြခန်းအား ခင်းကျင်းပြသရခြင်းဖြစ်ကြောင်း၊ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အဓိကလူမျိုးစုကြီး ရှစ်စုနှင့် သက်ဆိုင်သည့် ပြကွက်များ၊ တိုင်းရင်းသားမျိုးနွယ်စု ၅၀ နှင့် သက်ဆိုင်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာတူရိယာများ၊ အသုံးအဆောင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးအား လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခင်းကျင်းပြသထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ စနစ်တကျ ရေရှည်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ပြခန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ရိုးရာဝတ်စုံများ၊ တူရိယာများ၊ အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားသည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်





## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA)မှ အသင်းဝင်များက တပ်မတော်ဆေးရုံသို့ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော်   ဖေဖော်ဝါရီ ၁၁**
နိုင်ငံတော်တွင် လက်ရှိဖြစ်ပွားနေသော အခြေအနေများအရ တပ်မတော်ဆေးရုံ အသီးသီး၌ လာရောက်ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများ၏ သွေးလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင်၊ သွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင်လည်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်း ဦးဆောင်သည့် YMBA အသင်းဝင်သံဃာတော်များနှင့် အသင်းသား အသင်းသူများ စုစုပေါင်း ၂၇၀ တို့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ လာရောက်စုပေါင်းသွေးလှူဒါန်းကြသည်။

ရှေးဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်မင်းကျော်သူက သွေးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သွေးလှူဒါန်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ယင်းနောက် ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ် စိန်လင်းက ကျေးဇူးတင်စကားပြောကြားပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်   ဖေဖော်ဝါရီ ၁၁**
ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်သွားမည်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ဌာနအလိုက် ရည်မှန်းချက်များကို အရှိန်အဟုန်မပြတ် အောင်မြင်အောင် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိကပ်ရောဂါအခြေအနေအရ ဝန်ထမ်းများရွေးချယ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ လုပ်ငန်းစဉ်အချို့ ဆိုင်းငံ့ထားရသည်ကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် မှန်မှန်နှင့် စနစ်တကျရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ကျေပွန်အောင် လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။






ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစစ်အေး၊ ဦးတင်ဦး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

သတင်းစဉ်




## သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော်   ဖေဖော်ဝါရီ ၁၁**
သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ်(Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ်(၉)ကို ဖေဖော်ဝါရီ ၁၂ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်(၉)၏ COVID-19ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင်ကျော်ကျော်နှင့် နန်းဆုဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်နှင့် ဖေဖော်ဝါရီ ၁၃၊ ၁၄ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နှစ်နိုင်ငံဆက်ဆံရေးအပေါ် တရုတ်နှင့် အမေရိကန်သမ္မတတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး



**ပေကျင်း ဖေဖော်ဝါရီ ၁၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် ယနေ့တွင် ကျရောက်သော တရုတ်ရိုးရာနှစ်သစ်ကူး အကြိုနေ့၌ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ တရုတ်-အမေရိကန် ဆက်ဆံရေး၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ဘိုင်ဒင်က တရုတ်ပြည်သူများအား နှုတ်ခွန်းဆက်သပြီး နှစ်သစ်တွင် ကောင်းမွန်သော အခွင့်အလမ်းများရှိပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်သည်။ တစ်ချိန်တည်းမှာပင် ရှီကျင့်ဖျင်က အမေရိကန်သမ္မတအဖြစ် ဂျိုးဘိုင်ဒင် တာဝန်ယူဆောင်ရွက်နေမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်သစ်တွင် တရုတ်နှင့် အမေရိကန်ပြည်သူအားလုံး သာယာဝပြောပြီး ပျော်ရွှင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်သည်။

တစ်ဆက်တည်းမှာပင် ရှီကျင့်ဖျင်က တရုတ်နှင့် အမေရိကန်တို့၏ ဆက်ဆံရေး တည်ဆောက်မှုနှင့် တိုးတက်မှုသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အရေးကြီးဆုံးဖြစ်ကြောင်း ရည်ညွှန်းပြောဆိုလိုက်သည်။

နှစ်နိုင်ငံဆက်ဆံရေးသည် တရုတ်နှင့် အမေရိကန်ပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေခဲ့သည့်အပြင် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးအတွက်လည်း အထောက်အကူပြုခဲ့ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုသာလျှင် နှစ်နိုင်ငံအတွက် မှန်ကန်ပြီး တစ်ခုတည်းသော ရွေးချယ်စရာနည်းလမ်းဖြစ်ကြောင်း ရှီက ထပ်လောင်းပြောကြားသည်။

ထို့အပြင် တရုတ်နှင့် အမေရိကန်သည် တူညီသောဦးတည်ချက်တစ်ခုတွင် ပူးတွဲကြိုးပမ်းမှုများ လုပ်ဆောင်သင့်သလို နှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ မတူကွဲပြားမှုကိုင်တွယ်ဖြေရှင်းခြင်းနှင့် ခိုင်မာပြီးတည်ငြိမ်သော ဆက်ဆံရေးတည်ဆောက်ရေးနယ်ပယ်များတွင် ပဋိပက္ခမဖြစ်ပွားရေး၊ ထိပ်တိုက်ရင်ဆိုင်မှုမဖြစ်ပွားရေး၊ အပြန်အလှန်လေးစားရေးနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှီက ထပ်လောင်းပြောကြားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တရုတ်နိုင်ငံသည် ရှည်လျားသော သမိုင်းတစ်ခုနှင့် ကျယ်ပြန့်သော ယဉ်ကျေးမှုရှိသည့်နိုင်ငံဖြစ်သလို တရုတ်ပြည်သူများသည် ကြီးမြတ်သော လူမျိုးဖြစ်ကြောင်း မှတ်ချက်ပြုလိုက်သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် စစ်ပွဲပဋိပက္ခကို ရှောင်ရှားရမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုနှင့် အခြားကိစ္စအများအပြားတွင် အတူတကွလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နှစ်ဖက်အကြား အပြန်အလှန်နားလည်မှုတိုးမြှင့်ရေးနှင့် တရုတ်နိုင်ငံနှင့် ပွင့်လင်းပြီး အပြုသဘောဆောင်သော ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် အမေရိကန်အနေဖြင့် ကြိုတင်ပြင်ဆင်ထားကြောင်း အမေရိကန်သမ္မတ ဘိုင်ဒင်က ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ယနေ့ပြုလုပ် ဆွေးနွေးချက်များက ကမ္ဘာတစ်ဝန်းသို့ အပြုသဘောဆောင်သော အမှတ်လက္ခဏာတစ်ခုပေးပို့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ နှစ်ဖက်အကြား အနီးကပ်ဆက်သွယ်မှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာကိစ္စရပ်များကို ဆက်လက်ထိန်းသိမ်းထားရန် သဘောတူခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇျောတိ**

# တူရကီနိုင်ငံက တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်း ၅၀ ထပ်မံဝယ်ယူရေး စာချုပ်တစ်ရပ်ချုပ်ဆို



**အန်ကာရာ ဖေဖော်ဝါရီ ၁၁**

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၅၀ ထပ်မံဝယ်ယူရေးအတွက် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၅၀ ဝယ်ယူရေးနှင့်စပ်လျဉ်း၍ ယခင်က စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၅၀ ထပ်မံဝယ်ယူရေးဆိုင်ရာ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် လက်ရှိတွင် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၃ သန်းကို လက်ခံရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။

တူရကီနိုင်ငံအနေဖြင့် ယခုလအတွင်း အမေရိကန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ငါးသိန်းနှင့် ရှစ်သိန်းအကြား လက်ခံရရှိမည်ဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက ဆက်လက်ပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆၄၂ ဦး ရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၅၅၆၈၃၇ ဦးအထိ ရှိသွားပြီဖြစ်ကြောင်းလည်း တူရကီနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၅ ဦးရှိခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၇၀၉၃ ဦးအထိရှိသွားပြီဖြစ်ကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၉၀၃ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၄၄၅၂၈၅ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများရှိသည့် နိုင်ငံများသည်ပင်လျှင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုသင့်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား




**ဂျီနီဗာ ဖေဖော်ဝါရီ ၁၁**

ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ တွေ့ရှိသည့် နိုင်ငံများသည်ပင်လျှင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုသင့်သည်ဟု အကြံပြုလိုပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပေးအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါကာကွယ်ဆေးသည် ရောဂါကူးစက်မှုနှုန်းကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပေးအဖွဲ့က ယမန်နေ့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တောင်အာဖရိကအစိုးရက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် တောင်အာဖရိကနိုင်ငံတွင် တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်ကို ခုခံကာကွယ်နိုင်စွမ်းမရှိကြောင်း စစ်ဆေးတွေ့ရှိသည့်အတွက် အဆိုပါကာကွယ်ဆေးကို နိုင်ငံအတွင်း သုံးစွဲရန် ယာယီဆိုင်းငံ့ထားခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပေးအဖွဲ့က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုအပေါ် ရာနှုန်းပြည့်ထိရောက်စွာ ကာကွယ်မှုမပေးနိုင်သော်လည်း ရောဂါပြင်းထန်စွာမခံစားရစေရန် ကာကွယ်ပေးနိုင်သည့်အတွက် အသုံးပြုသင့်သည့် ကာကွယ်ဆေးတစ်ခုဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပေးအဖွဲ့အကြီးအကဲ အလီဂျန်ဒရိုခရာဗီရိုတိုက ပြောကြားခဲ့သည်။

ဥရောပနိုင်ငံအချို့တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက်ပြည်သူများကိုသာ ထိုးနှံပေးသင့်သည်ဟု သတ်မှတ်ထားသော်လည်း အသက် ၆၅ နှစ်နှင့်အထက် အရွယ်များသည် ခုခံအားကောင်းမွန်ပါက အဆိုပါကာကွယ်ဆေးကို ထိုးနှံပေးသင့်ကြောင်း အကြံပေးအဖွဲ့၏ အမှုဆောင်အတွင်းရေးမှူး ဂျိုဟာချင် ဟိုမ်ဘက်ချ်က ဆိုသည်။

ထို့ပြင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် နိုင်ငံအများအပြားတွင် ပထမဆုံးအသုံးပြုမည့် တစ်မျိုးတည်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်နိုင်ပြီး ကာကွယ်ဆေး၏ စွမ်းပကားသည် ရောဂါကူးစက်မှုနှုန်းကို ထိရောက်စွာ ကာကွယ်ပေးမည်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သိပ္ပံပညာရှင်အကြီးအကဲ ဆွမ်ယာ ဆွာမီနသန်က ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံတွင်း အရေးပေါ်အသုံးပြုရန် ဘာရိန်းခွင့်ပြု

**မနာမာ ဖေဖော်ဝါရီ ၁၁**

ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံတွင်း အရေးပေါ်အသုံးပြုရန် ယမန်နေ့က ခွင့်ပြုခဲ့ကြောင်း ဘာရိန်းကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ယခုကဲ့သို့ အရေးပေါ် သုံးစွဲရန်ခွင့်ပြုခဲ့ခြင်းမှာ အဆိုပါဆေးဝါးထုတ်လုပ်သော ကုမ္ပဏီထံမှ ရရှိသော ဆေးဝါးဆိုင်ရာလေ့လာတွေ့ရှိသော အချက်အလက်များအရ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားကျန်းမာရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါဆေးဝါးထုတ်လုပ်သော ကုမ္ပဏီမှပြုလုပ်သော ဆေးဝါးဆိုင်ရာလက်တွေ့စမ်းသပ်မှုများအား ပြန်လည်သုံးသပ်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိကြောင်း သိရသည်။ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်သည့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီမှ နည်းပညာနှင့် ဆေးပညာဆိုင်ရာ တွေ့ရှိချက်များကို တင်ပြခဲ့ပြီးနောက် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ အရေးပေါ်အခြေအနေများတွင် အသုံးပြုရန် တာဝန်ရှိသူများက ခွင့်ပြုခဲ့ကြောင်း အမျိုးသားကျန်းမာရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

နိုင်ငံအတွင်း Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Pfizer/Biontech ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Oxford-AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သုံးစွဲရန်ခွင့်ပြုခဲ့ပြီးနောက် ယခု Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုသုံးစွဲရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားများအား အခမဲ့ထိုးနှံပေးသွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အငြင်းပွားနယ်စပ်ဒေသမှ တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းမည်ဟု တရုတ်နှင့် အိန္ဒိယ ပြောကြား



**ပေကျင်း ဖေဖော်ဝါရီ ၁၁**
တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အငြင်းပွားနယ်စပ်ဒေသမှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ယနေ့ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နယ်စပ်ဒေသဖြစ်သည့် လာဒက်ခ်ဒေသတွင် ပြီးခဲ့သည့်ဇွန်လအတွင်းက နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး အဆိုပါပဋိပက္ခကြောင့် နှစ်ဖက်စလုံးမှ တပ်ဖွဲ့ဝင်အများစုမှာလည်း သေဆုံးဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် စီစဉ်လျက်ရှိကြောင်း တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံကလည်း တရုတ်နိုင်ငံနှင့် ဆွေးနွေးမှုအများအပြားပြုလုပ်ခဲ့ပြီးနောက် တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးကို သဘောတူညီခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး ရာဂျ်နက်ဆင်းက အိန္ဒိယပါလီမန်သို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အငြင်းပွားနယ်မြေအတွင်း ကင်းလှည့်ခြင်းအပါအဝင် နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုများကို ယာယီဆိုင်းငံ့သွားရန်လည်း သဘောတူညီခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး ရာဂျ်နက်ဆင်းက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**
❑

# ထိုင်းနိုင်ငံ၌ ဇွန်လမှစ၍ လစဉ် ပြည်သူ ၁၀ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁၁**
ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှုကို ဇွန်လမှစတင်မည်ဖြစ်ပြီး လစဉ်ပြည်သူ ၁၀ သန်းခန့်အား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်အရ ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါအခံရှိသော ပြည်သူများအား မေလမှစတင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။

နိုင်ငံလူဦးရေ သန်း ၇၀ ၏ ထက်ဝက်ခန့်ကို ကာကွယ်ဆေးထိုးနှံပေးမည့် ယခုအစီအစဉ်သည် အစိုးရ၏ ကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်နှင့်ပတ်သက်၍ ဝေဖန်မှုများ မြင့်တက်လျက်ရှိစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်းကို ပထမလေးလအတွင်း ရေ့တန်းမျက်နှာစာတွင် ဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား ထိုးနှံပေးသွားမည်ဖြစ်သည်။ အဆိုပါကာကွယ်ဆေးများသည် ယခုလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမှု ဒုတိယအဆင့်အနေဖြင့် ဇွန်လမှ ဒီဇင်ဘာလအထိ တစ်လလျှင် ပြည်သူ ၁၀ သန်းအား AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။ အဆိုပါ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၆၁ သန်းကို ပြည်တွင်းဆေးဝါးကုမ္ပဏီဖြစ်သည့် Siam Bioscience မှ ထုတ်လုပ်ပေးမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှုများဆောင်ရွက်ရန် ဆေးရုံ ၁၀၀၀ ခန့် ပြင်ဆင်ထားရှိပြီး အဆိုပါဆေးရုံတစ်ရုံစီတွင် တစ်ရက်လျှင် ပြည်သူ ၅၀၀ ခန့်အား ကာကွယ်ဆေးထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်မကုန်မီ အရွယ်ရောက်ပြီးသည့်ပြည်သူ ၆၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်စေရန် ထိုင်းအစိုးရက ရည်ရွယ်ထားသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၁၀၄ ဦးရှိပြီး သေဆုံးသူ ၈၀ ရှိကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ဆိုင်ရာ ကုန်ကျစရိတ်ကို မျှဝေကျခံရန် နှစ်နိုင်ငံအကြား သဘောတူညီချက် ရနိုင်ဖွယ်ရှိ

**တိုကျို ဖေဖော်ဝါရီ ၁၁**
ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံအစိုးရတို့သည် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ဆိုင်ရာ ကုန်ကျစရိတ်များကို ဂျပန်နိုင်ငံမှ မျှဝေကျခံမှုနှင့် စပ်လျဉ်း၍ လာမည့်သီတင်းပတ်အတွင်း ဆွေးနွေးသွားမည်ဖြစ်ရာ နှစ်နိုင်ငံအကြား သဘောတူညီချက်ရနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် သမ္မတရာထူးတာဝန်ထမ်းဆောင်စဉ်က ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ဆိုင်ရာ ကုန်ကျစရိတ်များကို ဂျပန်နိုင်ငံမှ မျှဝေကျခံမှုနှင့် စပ်လျဉ်း၍ သဘောတူညီမှုမရရှိခဲ့ကြောင်းလည်း သိရသည်။

အဆိုပါ ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ဆိုင်ရာ ကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍ ငါးနှစ်တစ်ကြိမ် သဘောတူညီချက်တစ်ရပ် ရယူခဲ့ခြင်းဖြစ်ပြီး လက်ရှိချုပ်ဆိုထားသည့် စာချုပ်သည် မတ်လအတွင်း သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်းလည်း သိရသည်။

နှစ်နိုင်ငံအစိုးရများသည် ဧပြီလတွင် စတင်မည့် ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဂျပန်နိုင်ငံက အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ဆိုင်ရာကုန်ကျစရိတ် မျှဝေကျခံမည့် အထောက်အပံ့ကို သဘောတူညီသွားဖွယ်ရှိကြောင်းလည်း သိရသည်။

အဆိုပါ သဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲ အောင်မြင်ခဲ့ပါက ဂျပန်နိုင်ငံအနေဖြင့် ယခုလကုန်ပိုင်းတွင် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးသွားရန် မျှော်လင့်ရပြီး မတ်လကုန်ပိုင်းတွင် အတည်ပြုချက်ရရှိရေး ဂျပန်ဥပဒေပြုလွှတ်တော်သို့ တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# အီရန်နိုင်ငံ၌ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပူးပေါင်းထုတ်လုပ်ရန် အီရန်နှင့် ရုရှားတို့ သဘောတူညီ

**တီဟီရန် ဖေဖော်ဝါရီ ၁၁**
အီရန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အီရန်နိုင်ငံ၌ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပူးပေါင်းထုတ်လုပ်ရန် သဘောတူညီခဲ့ကြကြောင်း ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ် ကာဇမ်ဂျာဂျာလီက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၌ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပူးပေါင်းထုတ်လုပ်မှုနှင့် စပ်လျဉ်းပြီး သဘောတူညီထားပြီးဖြစ်ခြင်းကြောင့် မကြာမီကာလအတွင်းမှာ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများအပြား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ် ကာဇမ်ဂျာဂျာလီ၏ ပြောကြားချက်ကို ကိုးကား၍ ပရက်စ်တီဗွီသတင်းဌာနက သတင်းဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို ပြီးခဲ့သည့်သီတင်းပတ်အတွင်းက လက်ခံရရှိခဲ့ပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ်ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် လက်ခံရရှိမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်တွင် မော်စကိုမြို့၌ ကျင်းပသည့် အီရန်နှင့် ရုရှား ကျန်းမာရေးဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များအကြား ပြုလုပ်သည့် အဆင့်မြင့်အစည်းအဝေးတစ်ရပ်တွင် ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ် ကာဇမ်ဂျာဂျာလီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၌ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပူးပေါင်းထုတ်လုပ်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ရေးအတွက် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာရန် အီရန်နိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့အကြီးအကဲ မိုဟာမက်ရီဇာရှန်နီဆက်ဇ်ဦးဆောင်သည့် အဖွဲ့ဝင် ၁၀ ဦးပါရှိသည့် အီရန်နိုင်ငံမှ ဆေးဝါးဆိုင်ရာ တာဝန်ရှိသူများအဖွဲ့သည် လက်ရှိအချိန်တွင် ရုရှားနိုင်ငံသို့ ရောက်ရှိနေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# ကနေဒါနိုင်ငံ၏ ကိုဗစ်ကာကွယ်ဆေး လိုအပ်ချက် ဖြည့်ဆည်းပေးမည်ဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီ ပြော

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် အိန္ဒိယနိုင်ငံက ကနေဒါနိုင်ငံသို့ ကာကွယ်ဆေးများ အတတ်နိုင်ဆုံး ပံ့ပိုးပေးမည်ဟု ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါသို့ အခိုင်အမာပြောခဲ့ကြောင်း ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ပြောကြားသည်။

**ရေးသား**

ကာကွယ်ဆေးထုတ်လုပ်ရေး စက်ရုံအများအပြားရှိရာ အိန္ဒိယနိုင်ငံက ကမ္ဘာပေါ်တွင် အရေးပါသော ကာကွယ်ဆေး ထောက်ပံ့သည့်နိုင်ငံ ဖြစ်လာသည်။ ကနေဒါနိုင်ငံ၌ ကာကွယ်ဆေး ထုတ်လုပ်ရေးစက်ရုံမရှိဘဲ ပြည်ပနိုင်ငံများ အပေါ် မှီခိုနေရသည်။ "ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါဆီက ဖုန်းခေါ်ဆိုမှုတစ်ရပ် ရရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက ကနေဒါနိုင်ငံကို ကိုဗစ်ကာကွယ်ဆေးတွေ အတတ်နိုင်ဆုံး ထောက်ပံ့ပေးဖို့ ပြောခဲ့ပါတယ်"ဟု မိုဒီက တွစ်တာ၌ ရေးသားခဲ့သည်။

Pfizer Inc နှင့် Moderna Inc တို့က ယခုလအတွင်း ကနေဒါနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်ပို့နေမှု လျှော့ချခဲ့သည်။ ကာကွယ်ဆေး ထုတ်လုပ်မှုနှင့်တင်ပို့မှု မြှင့်တင်ရေးတွင် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုနှင့်ပတ်သက်၍ ထရူဒေါနှင့် မိုဒီတို့က ဆွေးနွေးခဲ့ကြပြီး ကာကွယ်ဆေးရရှိရေး အတူလက်တွဲရန် သဘောတူခဲ့ကြသည်။ AstraZeneca Plc ကဲ့သို့သော အနောက်နိုင်ငံများမှ ဆေးဝါးကုမ္ပဏီများက ပြည်တွင်း၊ ပြည်ပ၌ ရောင်းချမည့် ကာကွယ်ဆေးများ ထုတ်လုပ်ရန် အိန္ဒိယဆေးဝါးကုမ္ပဏီများနှင့် ဆောင်ရွက်ခဲ့သည်။

**သတ်မှတ်ခဲ့**

ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၈၁၀၀၀၀ ကျော်နှင့် သေဆုံးသူ ၂၀၀၀၀ ကျော်ရှိပြီး ပြည်နယ် အများစုက ကပ်ရောဂါဒုတိယလှိုင်းတိုက်ဖျက်ရန် ကန့်သတ်ချက်များ သတ်မှတ်ခဲ့သည်။

**ကိုးကား - စထရိတ်တိုင်းမ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**





# မလေးရှားနိုင်ငံအတွင်းရှိ နိုင်ငံခြားသားအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၁**

မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အရ နိုင်ငံအတွင်း၌ လာရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မလေးရှားပြည်သူများအား ကာကွယ်ဆေး ပထမဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်းရှိ နိုင်ငံခြားသားအလုပ်သမားများကိုလည်း ကာကွယ်ဆေး ထိုးနှံပေးခြင်းသည် ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်၏ အဓိကအရေးပါသောအချက်ပင်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထောက်ပံ့ရေး ကော်မတီ၏ ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ပါရှိသည်။

နိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့်နိုင်ငံခြားသား အလုပ်သမားများအကြားတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အစုလိုက်အပြုံလိုက် တွေ့ရှိ ခဲ့ရသည့်အတွက် နိုင်ငံခြားသားအလုပ်သမားများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် မလေးရှား အစိုးရအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။



မလေးရှားပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အမြန်ဆုံးထိုးနှံပြီးမှသာ ကိုဗစ်-၁၉ ရောဂါကင်းစင်သည့်ပတ်ဝန်းကျင်တစ်ခု ပြန်လည်ဖန်တီးနိုင်မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့ပြင် နိုင်ငံခြားသား အလုပ်သမားများသည် မလေးရှားပြည်သူများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့်အပြင် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ အချို့သောနိုင်ငံများတွင်လည်း မလေးရှားပြည်သူများအား ကာကွယ်ဆေးအခမဲ့ထိုးနှံပေးသည်ကို တွေ့ရှိရပါကြောင်း မလေးရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထောက်ပံ့ပေးရေးကော်မတီက ဆိုသည်။

မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရရှိမှုပမာဏမှာ နိုင်ငံ့လူဦးရေပမာဏထက် ကျော်လွန်ပြီဖြစ်သည့်အတွက် နိုင်ငံခြားသားအလုပ်သမားများကို ကာကွယ်ဆေးထိုးနှံပေးရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ကော်မတီက ထပ်လောင်းပြောကြားခဲ့သည်။

နိုင်ငံခြားသားအလုပ်သမားများအား ကာကွယ်ဆေး ထိုးနှံပေးမည့်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်သည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်ကို ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်စတင်မည့်ရက် (ဖေဖော်ဝါရီ ၂၆)မတိုင်မီ ရက်သတ္တတစ်ပတ်အလိုတွင် လက်ခံရရှိမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အက်ဒမ်ဘာဘာက ပြောကြားခဲ့သည်။

နိုဝင်ဘာလတွင် မလေးရှားအစိုးရက အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ထံမှ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၂ ဒသမ ၈ သန်းဝယ်ယူရန် သဘောတူညီခဲ့သည်။

အလားတူ Pfizer ကာကွယ်ဆေး အလုံးရေ ၁၂ ဒသမ ၂ သန်းကို ထပ်မံဝယ်ယူရန် ဇန်နဝါရီလတွင် သဘောတူညီခဲ့ကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ ဂါမာလီယာသုတေသနအင်စတီကျူမှ ထုတ်လုပ်သည့်ဆေးနှင့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac အလုံးရေပေါင်း ၁၈ ဒသမ ၄ သန်းကိုလည်း မလေးရှားအစိုးရက ဝယ်ယူခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၄၉၈၈ ဦးရှိပြီး သေဆုံးသူ ၉၃၆ ဦး ရှိကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အရှေ့အလယ်ပိုင်းဒေသ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းခန့်ရှိလာ

**ပါရီ ဖေဖော်ဝါရီ ၁၁**

အရှေ့အလယ်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၉၉၁၇၇၀ ခန့်ရှိလာပြီး ယင်းတို့အနက် တစ်သိန်းခန့်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ယနေ့ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှင့်စပ်လျဉ်း၍ အရှေ့အလယ်ပိုင်းဒေသသည် ဥရောပ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် အာရှတိုက်ပြီးနောက် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ပဉ္စမအဆိုးဆုံး ထိခိုက်လျက်ရှိသည့် ဒေသဖြစ်လာခဲ့သည်။



ဒေသအလိုက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှင့် ရောဂါကူးစက်မှုပမာဏမှာ ဥရောပတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၇၈၉၃၁၀ နှင့် ရောဂါကူးစက်ခံရသူ ၃၅၀၃၂၁၉၄ ဦး၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၆၂၈၃၉၈ ဦးနှင့် ရောဂါကူးစက် ခံရသူ ၁၉၈၁၉၂၂ ဦး၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၄၉၂၃၁၃ ဦးနှင့် ရောဂါကူးစက်ခံရသူ ၂၈၀၉၅၇၄၆ ဦးနှင့် အာရှတိုက်တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံး သူ ၂၄၅၈၉၉ ဦးနှင့် ရောဂါကူးစက်ခံရသူ ၁၅၅၈၄၅၇၆ ဦး စသည်ဖြင့် အသီးသီးရှိကြသည်။

လွန်ခဲ့သည့် ခုနစ်ရက်အတွင်း အရှေ့ အလယ်ပိုင်းဒေသ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၂၅၁၄၄ ဦး ခန့်ရှိပြီး ယင်းမတိုင်မီ သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းထက် သုံးရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၈၈၉၈၁ ဦးရှိပြီး ၎င်းတို့အနက် ၅၈၆၈၆ ဦး သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ယခုအခါ အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်လျက်ရှိသည့် နိုင်ငံဖြစ်လာပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်လျက်ရှိသည့် နိုင်ငံများတွင် အမှတ်စဉ်(၁၁)နေရာတွင် ရပ်တည်လာခဲ့သည်။

ထို့အပြင် အီရတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၃၄၅၃၉ ဦးရှိပြီး ယင်းတို့အနက် ၁၃၁၄၀ သည် ထိုရောဂါဖြင့် သေဆုံးခဲ့ရာ အရှေ့အလယ်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်လာသည်။ ထို့အတူ ဆော်ဒီအာရေဗျနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၇၁၃၅၆ ဦးရှိပြီး ယင်းတို့အနက် ၆၄၁၅ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့သဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးမှု တတိယအများဆုံးနိုင်ငံ ဖြစ်လာကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၂၀၁၄၆ ဦးရှိပြီး ၎င်းတို့အနက် ၂၃၅၃၅၄ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၀၇၉၅၂၆၃၆ ဦး

သေဆုံးသူ ၂၃၆၇၃၆၅ ဦး

ပြန်လည်ကျန်းမာလာသူ ၈၀၀၀၂၉၇၈ ဦး







# အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း၌ ငွေကျပ် ၇ ဒသမ ၆၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း၌ ငွေကျပ် ၇ ဒသမ ၆၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၅ နာရီခွဲတွင် နောင်ချိုမြို့နယ် အိုရီရမ်တယ်တိုးဂိတ်အနီး၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ မန္တလေးသို့ ကျော်ဝင်းထွန်း(ခ)ကိုလင်း မောင်းနှင်ပြီး အောင်မိုးကျော် လိုက်ပါလာသော Canter ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်များအောက်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သို၀ှက်သယ်ဆောင်လာကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါယာဉ်ကို လျှို့ဝှက်ကြပ်မတ်၍ စိတ်ကြွရူးသွပ်ဆေးပြားများအား စောင့်ယူမည့်သူ ဖြိုးဝေသိန်း(ခ)စောမင်းခန့်အား နံနက် ၁၀ နာရီခွဲ ခန့်တွင် ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာအနီး၌ Wish ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား စစ်ဆေးဖော်ထုတ်ချက်အရ အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း၌ တစ်ဆင့်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း။

ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အဆိုပါယာဉ်များကို ကြပ်မတ်ထိန်းသိမ်းကာ ဆက်သွယ်ချိန်းဆိုသောနေရာ၌ စောင့်ကြည့်နေစဉ် ညနေ ၅ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား လာရောက်လက်ခံယူသော စိုင်းအောင်အောင်ဦး၊ ချစ်ကိုကိုနှင့် သိန်းမြင့်ဇော်တို့ သုံးဦးအား ယာဉ်နှစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး Canter ယာဉ်ပေါ်မှ ငွေကျပ် ၇ ဒသမ ၆၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၁ သန်းအား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကျိုင်းတုံ၊ မိုင်းရယ်နှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် ကျိုင်းတုံမြို့နယ် ဂျိုးဖြူကျေးရွာအနီး ကျိုင်းတုံ-မိုင်းခွန်သွားကားလမ်းတွင် အားပေါင်း မောင်းနှင်ပြီး မဘူးညွန့် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ထို့နောက် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းရယ်မြို့နယ် နားလီကျေးရွာတံတားအနီး၌ ဇင်ထူးအောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံကျေးရွာအနီး ဝမ်ကျောက်လုံ-ပန်စလိ ကျေးရွာသွားလမ်း၌ အားဝေ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၃၁၀၊ သွင်းကုန် ၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၅၀ သန်း)တန်ဖိုးရှိ တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရားမဝင်အကောက်ခွန်မဲ့ ဘေထုပ်ဟုယူဆရသော အဝတ်အထည်အဟောင်းထုပ် ၅၂ ထုပ် (1900 Kg)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၅ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၂၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၁,၉၇၂) အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၅၂၂) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၈၉)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၂၈,၉၈၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၈၄)ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၈၉၈၄၂၆ | ၁၇၈၂၈၆၅၅ | ၄၈၃၂၀၅ |
| ၂။ | အိန္ဒိယ | ၁၀၈၇၂၆၆၄ | ၁၀၅၇၂၉၆၉ | ၁၅၅၄၁၆ |
| ၃။ | ဘရာဇီး | ၉၆၆၂၃၀၅ | ၈၅၉၆၁၃၀ | ၂၃၄၉၄၅ |
| ၄။ | ရုရှား | ၄၀၂၇၇၄၈ | ၃၅၃၈၄၂၂ | ၇၈၆၈၇ |
| ၅။ | ဗြိတိန် | ၃၉၈၅၁၆၁ | ၂၀၁၈၈၄၄ | ၁၁၄၈၅၁ |
| ၆။ | ပြင်သစ် | ၃၃၈၅၆၂၂ | ၂၃၇၁၁၃ | ၈၀၄၄၃ |
| ၇။ | စပိန် | ၃၀၂၃၆၀၁ | စိစစ်ဆဲ | ၆၃၇၀၄ |
| ၈။ | အီတလီ | ၂၆၆၈၂၆၆ | ၂၁၆၅၈၁၇ | ၉၂၃၃၈ |
| ၉။ | တူရကီ | ၂၅၅၆၈၃၇ | ၂၄၄၅၂၈၅ | ၂၇၀၉၃ |
| ၁၀။ | ဂျာမနီ | ၂၃၁၅၆၇၉ | ၂၀၈၇၆၀၀ | ၆၄၂၀၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၁၉၁၉၉၀ | ၉၉၃၁၁၇ | ၃၂၃၈၁ |
| ၂။ | ဖိလစ်ပိုင် | ၅၄၃၂၈၂ | ၅၀၀၃၃၅ | ၁၁၄၆၉ |
| ၃။ | မလေးရှား | ၂၅၄၉၈၈ | ၂၀၂၂၆၉ | ၉၃၆ |
| ၄။ | မြန်မာ | ၁၄၁၅၂၂ | ၁၂၈၉၈၁ | ၃၁၈၄ |
| ၅။ | စင်ကာပူ | ၅၉၇၅၉ | ၅၉၅၂၆ | ၂၉ |
| ၆။ | ထိုင်း | ၂၄၁၀၄ | ၁၉၇၉၉ | ၈၀ |
| ၇။ | ဗီယက်နမ် | ၂၁၄၀ | ၁၅၂၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၈ | ၄၅၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၃ | ၁၇၅ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ၊ ပြင်ပမှုဆရာဝန်များ ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ တပ်မတော်မှ ပြည်သူများအား လူသားချင်းစာနာစိတ်ဖြင့် ကူညီစောင့်ရှောက်ပေးနေသည်ကို သိရှိလာသဖြင့် ပြင်ပမှုဆရာဝန် ခြောက်ဦးသည် ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**စီမံဆောင်ရွက်ပေးလျက်ရှိ**

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၄၇၈၉ ဦး၊ အတွင်းလူနာ ၂၁၀၁ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၇၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၀ စုစုပေါင်း ၂၇၇ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၀၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၈၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၂၉၁ ဦးကို မွေးဖွားနိုင်ခဲ့သည်။

**ဆေးကုသမှုခံယူနိုင်**

တိုင်းရင်းသားပြည်သူများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက် ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ဝန်းသိုမြို့နယ် ဆေးခင်းခုံကျေးရွာ၌ စုပေါင်းအမှိုက်သိမ်းဆည်း


**ဝန်းသို ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဆေးခင်းခုံကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အမှိုက်စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် အမှိုက်ကင်းစင်ကျေးရွာအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် စုပေါင်းအမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အမှိုက်ကင်းစင်ကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိသော ဆေးခင်းခုံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ လုပ်ကိုင်လျက်ရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးကိုလည်း ကျေးရွာကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမှိုက်စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် အမှိုက်သိမ်းဆည်းခြင်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**မင်းမြင့်မိုရ်**



အနာဂတ်ကမ္ဘာ သာယာဖို့
အိုဇုန်းလွှာကို ကာကွယ်စို့

# MRTV စိန်ရတုခရီး – ကြီးမားသည့်ဂုဏ်အင်

## သပြေ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Myanma Radio and Television–MRTV) ဟာ လာမယ့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ (၇၅)နှစ်မြောက် စိန်ရတုမှတ်တိုင်ကို ခံ့ထည်စွာ စိုက်ထူနိုင်တော့မှာ ဖြစ်ပါတယ်။

**MRTV ဖွဲ့စည်းတည်ထောင်မှု**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ "ဗမာ့အသံ" (Burma Broadcasting Service– BBS) အမည်နဲ့ စတင်တည်ထောင်ခဲ့တာဖြစ်သော်လည်းပဲ ၂၀ ရာစုအလယ်ပိုင်း ၁၉၂၀ ပြည့်နှစ်ဝန်းကျင်မှာ ထင်ပေါ်ကျော်ကြားခဲ့တဲ့ ကမ္ဘာ့အသံလွှင့်ရုံစာရင်းမှာ BBS အမည်နဲ့ ပါဝင်နေခဲ့ပြီဖြစ်ပါတယ်။ အဲဒီနောက် အင်္ဂလိပ်ခေတ် ဒုတိယကမ္ဘာစစ်ကာလနဲ့ ဂျပန်ခေတ် ပါလီမန်ဒီမိုကရေစီခေတ်တွေမှာ နေရာပြောင်းရွှေ့ပြီး အမည်နာမမျိုးစုံနဲ့ ဖြတ်သန်းခဲ့ရတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

၁၉၇၂ ခုနှစ် မတ်လ ၁၆ ရက်နေ့မှာ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့မှာ ရောင်စုံရုပ်မြင်သံကြားကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ နိုဝင်ဘာလ ၁ ရက်နေ့မှစပြီး ရုပ်မြင်သံကြားအစီအစဉ်တွေကို ရောင်စုံဖြင့် ထုတ်လွှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီနောက် မူလရေဒီယို အသံလွှင့်လုပ်ငန်းနဲ့ပူးပေါင်းကာ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့မှာ " မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန"(Myanmar Television and Radio Department–MTRD)အမည်နဲ့ ပြင်ဆင်ခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့မှာတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) အမည်နဲ့ ပြောင်းလဲကာ ယနေ့တိုင် ခေါ်ဝေါ်သတ်မှတ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**တိုးတက်ပြောင်းလဲမှု**

မြန်မာ့အသံရေဒီယိုထုတ်လွှင့်မှုကို ယခုအခါ နေ့စဉ် နံနက် ၅နာရီခွဲမှ ည ၁၁နာရီခွဲအထိ ထုတ်လွှင့်လျက်ရှိပြီး မြန်မာပိုင်းအစီအစဉ်တွေနဲ့ အင်္ဂလိပ်ပိုင်းအစီအစဉ်တွေအပြင် တိုင်းရင်းသားဘာသာ ၁၇ ဘာသာကိုလည်း ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ တိုင်းရင်းသားဘာသာတွေ ထုတ်လွှင့်ပေးရာမှာ မြန်မာနိုင်ငံအထက်ပိုင်းနေ တိုင်းရင်းသားဘာသာတွေဖြစ်တဲ့ ကချင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ ရခိုင်၊ ရှမ်း၊ ဝ၊ ကိုးကန့်၊ ပအိုဝ်းနဲ့ဓနုဘာသာတွေကို နေ့စဉ်နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း၊ မွန်းလွဲ ၁ နာရီမှ ည ၈ နာရီခွဲအတွင်း တစ်ဘာသာလျှင် တစ်နာရီခွဲစီဖြင့် ထုတ်လွှင့်လျက်ရှိပြီး မြန်မာနိုင်ငံအောက်ပိုင်း တိုင်းရင်းသားဘာသာတွေဖြစ်တဲ့ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ စကောကရင်နဲ့ မွန်ဘာသာတွေကို နေ့စဉ်နံနက် ၆နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီခွဲအတွင်း တစ်ဘာသာလျှင် တစ်နာရီခွဲစီဖြင့် ထုတ်လွှင့်လျက်ရှိပါတယ်။ တိုင်းရင်းသား ၁၇ ဘာသာကို သုံးလတစ်ကြိမ် နာရီစဉ်အလှည့်ကျပြုလုပ်ပြီး တိုးချဲ့ထုတ်လွှင့်ပေးနေတာဖြစ်လို့ သက်ဆိုင်ရာဘာသာစကားတွေနဲ့လည်း နားဆင်နိုင်ပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရုပ်မြင်သံကြား ထုတ်လွှင့်မှုနဲ့ ပတ်သက်ပြီး ၁၉၈၉ ခုနှစ် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ (The State – Owned Economic Enterprises Law)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၈/၉၆)၊ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့မှာ ပြဋ္ဌာန်းထားခဲ့တဲ့ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတွေအရ ပုဂ္ဂလိက Broadcasting လုပ်ငန်းတွေ အကျိုးတူဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ Forever Group Co.,Ltd နဲ့ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ MRTV– 4 ရုပ်သံလိုင်းကို Free to Air Channel အဖြစ် တိုးချဲ့ထုတ်လွှင့်ခဲ့သလို ၂၀၀၅ ခုနှစ်မှာ Digital စနစ်နဲ့ ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် မတ်လ ၁၆ ရက်နေ့မှာ နေပြည်တော် တပ်ကုန်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလွှင့်စက်ရုံသစ်ကြီးဖွင့်လှစ်ပြီး စက်ပစ္စည်းတွေ၊ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ ဖွဲ့စည်းတပ်ဆင်ကာ ပြောင်းရွှေ့ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

ပြည်သူ့အတွက် သတင်းအချက်အလက်နဲ့ ဖျော်ဖြေရေးကဏ္ဍတွေ ပိုမိုကျယ်ပြန့်စွာ သိရှိဖြန့်ဝေပေးနိုင်ဖို့ ၂၀၀၉ ခုနှစ်မှာ ပုဂ္ဂလိက FM လုပ်ငန်းအဖြစ် မန္တလေး FM ကို စတင်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ အင်္ဂလိပ်ဘာသာနဲ့ စတင်ထုတ်လွှင့်ခဲ့တဲ့ MRTV– 3 Channel ကို ၂၀၁၀ ပြည့်နှစ်မှာ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နဲ့ အကျိုးတူပူးပေါင်းပြီး Myanmar International Television(MITV) အဖြစ် Channel Rebranding ပြုလုပ်ကာ Global Coverage နဲ့ နိုင်ငံတကာက ကြည့်ရှုနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ပုဂ္ဂလိက ရုပ်သံလိုင်း ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နဲ့ ပူးပေါင်းကာ Analogue / Digital စနစ်အပြင် Direct to Home (DTH) စနစ်နဲ့ ထုတ်လွှင့်တဲ့ ပုဂ္ဂလိကအခပေးရုပ်သံစနစ် Pay TV တွေကို ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

ဒ့ါအပြင် ပုဂ္ဂလိက FM လုပ်ငန်းတွေ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့နဲ့ နိုင်ငံတစ်ဝန်း သတင်းအချက်အလက် ပိုမိုဖြန့်ဝေပေးနိုင်ဖို့ ရည်ရွယ်ပြီး ပုဂ္ဂလိက FM ငါးခုဖြစ်တဲ့ ရွှေ FM ၊ ပတ္တမြား FM ၊ ပဒ္မဝတီ FM ၊ FM ပုဂံနဲ့ ချယ်ရီ FM တို့ကို ၂၀၁၀ ပြည့်နှစ်မှာ ထပ်မံခွင့်ပြုပေးနိုင်ခဲ့တာကြောင့် မန္တလေး FM အပါအဝင် FM ခြောက်ခုကို ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

**တိုးချဲ့ထုတ်လွှင့်မှု**

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာတော့ MRTV Channel ကို Analogue စနစ်နဲ့ ထုတ်လွှင့်နေရာမှ Digital စနစ်သို့ပြောင်းလဲပြီး MRTV Multi Channel Playout System စနစ်တပ်ဆင်ကာ DVB– T2 စနစ်နဲ့ ထည့်သွင်းထုတ်လွှင့်ခဲ့ပါတယ်။ MRTV Channel အပြင် တိုင်းရင်းသား ၁၁ ဘာသာနဲ့ ထုတ်လွှင့်နေတဲ့ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ လွှတ်တော်ရုပ်သံလိုင်း (Hluttaw Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers' Channel)နဲ့ ပြည်တွင်း၊ ပြည်ပအားကစားရုပ်သံလိုင်း(MRTV Sport Channel)တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တိုးချဲ့ထုတ်လွှင့်ပေးခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC Channel)ကိုတော့ ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဇိုး)၊ မွန်၊ ရခိုင်၊ ရှမ်းနဲ့ "ဝ"ဘာသာ စတဲ့တိုင်းရင်းသားဘာသာ ၁၁ ဘာသာဖြင့် လေးလတစ်ကြိမ် နာရီစဉ်အလှည့်ကျနဲ့ ဘာသာစကားအလိုက် ထုတ်လွှင့်မှုကို ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

MRTV ရဲ့ Multi Channel Playout System မှာ ပုဂ္ဂလိကရုပ်သံလိုင်းတွေဖြစ်တဲ့ MRTV– 4 ၊ Channel 7၊ 5 Plus၊ MNTV နဲ့ Channel– 9 တို့ကို ထည့်သွင်းပြသခဲ့တာကြောင့် Free to Air ရုပ်သံလိုင်းတွေကို Digital စနစ်နဲ့ ကြည်လင်ပြတ်သားစွာ ပြည်သူတွေ အခမဲ့ကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။

MRTV ရဲ့ Channel လိုင်းအသစ် MRTV Entertainment Channel (me)ကို ၂၀၁၄ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာတော့ ပုဂ္ဂလိကမီဒီယာနဲ့ ပူးပေါင်းကာ MRTV ရဲ့ DVB–T2 စနစ်မှာ Free to Air ထည့်သွင်းပြသနေတာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ MRTV နဲ့ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး နိုင်ငံတကာဘာသာစကားနဲ့ Myanmar International Radio Channel(MIR) ရေဒီယိုကိုလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တွေမှာ ထုတ်လွှင့်နေပြီ ဖြစ်ပါတယ်။

**ရုပ်သံလုပ်ငန်းများတိုးတက်မှု**

Broadcasting လုပ်ငန်းဆောင်ရွက်မှုတွေကို ခေတ်စနစ်ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့ "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ"ကို ၂၈–၈–၂၀၁၅ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး အဲဒီဥပဒေကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့မှာ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခဲ့ကာ နည်းဥပဒေကိုလည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်မှာ လိုအပ်ချက်အရ ဘာသာစကားသုံးမျိုးနဲ့ နားဆင်နိုင်တဲ့ မေယု FM ကို ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်မှာလည်း Community Radio စမ်းသပ်ရှေ့ပြေးစီမံကိန်းအဖြစ် ခရေ FM ကို DW Akadimieနဲ့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ Regional Radio အဖြစ် စမ်းသပ်ထုတ်လွှင့်လျက် ရှိပါတယ်။

ရုပ်သံမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ပုဂ္ဂလိက Content Provider လုပ်ငန်းရှင်တွေ စိစစ်ရွေးချယ်ကာ Mizzima Channel၊ DVB Channel၊ Fortune Channel၊ Channel K ၊ YTV Channel စတဲ့ Channel အသစ်ငါးခုကို စာချုပ်ချုပ်ဆိုကာ ထပ်မံတိုးချဲ့ထုတ်လွှင့်ပြီး MRTV ရဲ့ DVB– T2 စနစ်မှာ ထည့်သွင်းပြသနေပါတယ်။

**စာမျက်နှာ ၁၇ သို့**



ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို တွေ့ရစဉ်။

**TV ထုတ်လွှင့်မှုကို Digital ပြောင်းလဲသလို Radio ထုတ်လွှင့်မှုကိုလည်း FM Radio စနစ်နဲ့ တိုးချဲ့ထုတ်လွှင့်နိုင်ဖို့ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာမှာ အခုဆိုရင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီး၊ မြို့ငယ် ၈၅ မြို့မှာ မြန်မာ့အသံရေဒီယိုကို လှိုင်းတို (Short Wave)၊ လှိုင်းလတ် (Medium Wave)တို့အပြင် FM စနစ်နဲ့ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၈ ဒသမ ၈၄ ရာခိုင်နှုန်းသော ပြည်သူတွေ ကြည်လင်ပြတ်သားစွာ နားဆင်နိုင်ပြီဖြစ်။**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်ကောင်စီရုံးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဝန်ထမ်းများအားလုံးအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေရေး ဆန်၊ ဆီနှင့် အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်ကောင်စီရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်လင်းအောင်၊ ဦးမျိုးဆွေ၊ ဦးအားဖူ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကချင်ပြည်နယ် ဦးစီးမှူး ဦးဝင်းရဲထွန်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီး ဉာဏ်မြင့်ကျော်နှင့် အတွင်းရေးမှူး ဦးခင်မောင်လေးတို့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းဝန်ထမ်း ၃၁၀ တို့အတွက် ဝန်ထမ်းတစ်ဦးလျှင် ဆန် လေးပြည်၊ ဆီ တစ်ဘူးနှင့် ကြက်ဥအလုံး ၃၀ တို့ကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)



# ခွဲမခွာ တွဲကာနည်းတွေနဲ့

☆ ညီတညာ တစ်စိတ်တစ်ဝမ်းရယ်နဲ့
မြန်တစ်ဝန်း ချစ်ခွန်းသီ၊
လုံ့လခြေ ဖွဲ့စိတ်ဖက်
တွဲလက်ဖွဲ့ချည်။
စိမ်းလန်းလို့ စိုပြည်
ပင်လုံမြေ သက်သေထားပါလို့
တိုင်းရင်းသား စုံအညီ
သည်မြန်ပြည် ထင်အရှား၊
နိုင်ရာဝန် ဝင်ကာထမ်း
အေးချမ်းဖွယ်များ။
☆ အလင်းအကြောင်းပါပဲ
ထင်းတစ်ချောင်း ရာဇဝင်၊
မပေါင်းလျှင် အနုတ်ပြ
တွေးဆစေချင်။
ခွဲမခွာ တွဲကာနည်းတွေနဲ့
ထင်းတစ်စည်း ပီအပြင်
နှိုင်းပြယှဉ် ထင်စမြဲ။
ထင်းစည်းမှန် ဘယ်လိုချိုးချိုး
ကျိုးဖို့ခက်ခဲ။
☆ နွားအကွဲ
ကျားဆွဲဖို့လွယ်၊
ဥပမာ ပုံပြင်ရှိ
သတိထားဖွယ်။
နွားမကွဲ ကျားမဆွဲပါဘူး
ကြောင်းမလွဲ အကျိုးနွယ်
အဘိုးရယ် တန်သဘော၊
ညီညွတ်ရေး ချိုချိုတေးရယ်က
(ခုချိန်မှာလေ) ပျံ့မွှေးပါကော။

ဖိုလေးလုံး သောင်းကိုကို

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၃ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူကောင်ထွားကျိုင်းပြီး သူငယ်ချင်းများကို အနိုင်ကျင့်တတ်သော သာပေါ်ကို မောင်ထွေးလေးနှင့် သူငယ်ချင်းများက သင်ခန်းစာပေးသည့်အကြောင်းကို တင်ဆက်ထားသည့် “မောင်ထွေးလေးနှင့် သူငယ်ချင်းများ” မျက်နှာဖုံးကာတွန်း၊ ရိုးရာပွဲတော်များနှင့်စည်ကားပြီး ရာသီအလှ၊ ဒါနကုသိုလ်များနှင့် ကျက်သရေရှိသည့် တပို့တွဲလအကြောင်းကို ရေးသားတင်ဆက်ထားသည့် “တပို့တွဲလနှင့်ရာသီပွဲတော်များ” သုတဆောင်းပါး၊ ရွှေသွေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရများကို ရေးသားတင်ဆက်ထားသည့် “ရွှေသွေးဝေါဟာရ” ရုပ်ပြအဘိဓာန်ကဏ္ဍ၊ မြန်မာ့ရိုးရာ တူရိယာများထဲမှ လေမှုတ်တူရိယာဖြစ်သည့် ပလွေအကြောင်းကို တင်ဆက်ထားသည့် “ပလွေ” သုတဆောင်းပါး၊ ကလေးတို့ ဉာဏ်ရည်ထက်စေရန်အတွက် ရုပ်ပုံများထဲတွင် မတူကွဲပြားသည့် အချက်များကို ထည့်သွင်းတင်ဆက်ထားသည့် “မတူရာ(၁၀)ချက်” ဉာဏ်စမ်းကဏ္ဍ၊ ဂိမ်းအလွန်အကျွံ ကစားသောကြောင့် ကျောင်းမှန်မှန်မတက်နိုင်တော့သည့် သမီးလေး ဆုရွှန်းလဲ့အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် “ကတိပေးပါတယ် ဖေဖေ” ကလေးဝတ္ထု၊ နာမ်ရှေ့တွဲသုံး စကားလုံးများ (determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ ဆက်လက်တင်ဆက်ထားသည့် “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ အင်္ဂလိပ်သင်ခန်းစာကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။




သတင်းစဉ်

❂ စာမျက်နှာ ၁၆ မှ

ဒါ့အပြင် နိုင်ငံတော်က ပညာရေးကဏ္ဍကို အားပေးမြှင့်တင်နေတာနဲ့အညီ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့လည်း ပညာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ပညာရေးရုပ်သံလိုင်း (Education Channel)ကို ၂၀၂၀ ပြည့်နှစ် မေလမှစပြီး ထပ်မံတိုးချဲ့ ဆောင်ရွက်နေပါတယ်။

**ရုပ်သံအရည်အသွေးမြှင့်တင်မှု**

MRTV ရဲ့ Multi Channel Playout System နဲ့ ထုတ်လွှင့်တဲ့ Digital Channel တွေအပြင် DVB- T2 စနစ်နဲ့ Free to Air Channel ပေါင်း ၁၈ လိုင်းကို ထုတ်လွှင့်လျက်ရှိပါတယ်။ အဲဒီလို Digital စနစ်နဲ့ ထုတ်လွှင့်နေသလို မူလက ထုတ်လွှင့်နေတဲ့ Analogue စနစ်ကိုလည်း အပြိုင်လွှင့်နေဆဲ၊ ဝန်ဆောင်မှုပေးနေဆဲ ဖြစ်ပါတယ်။ အခုဆိုရင် တစ်နိုင်ငံလုံးရှိ စက်ရုံ ၁၅၃ ရုံမှ မြန်မာတစ်နိုင်ငံလုံး လူဦးရေရဲ့ ၈၈ ဒသမ ၇ ရာခိုင်နှုန်းသော ပြည်သူတွေ Digital DVB- T2 စနစ်နဲ့ ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။

TV ထုတ်လွှင့်မှုကို Digital ပြောင်းလဲသလို Radio ထုတ်လွှင့်မှုကိုလည်း FM Radio စနစ်နဲ့ တိုးချဲ့ထုတ်လွှင့်နိုင်ဖို့ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာမှာ အခုဆိုရင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီး၊ မြို့ငယ် ၈၅ မြို့မှာ မြန်မာ့အသံရေဒီယိုကို လှိုင်းတို (Short Wave)၊ လှိုင်းလတ် (Medium Wave)တို့အပြင် FM စနစ်နဲ့ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၈ ဒသမ ၈၄ ရာခိုင်နှုန်းသော ပြည်သူတွေ ကြည်လင်ပြတ်သားစွာ နားဆင်နိုင်ပြီ ဖြစ်ပါတယ်။

နည်းပညာပိုင်း မြင့်မားအောင် တိုးချဲ့ဆောင်ရွက်ရာမှာ Digital ရုပ်မြင်သံကြားအသွင်ကူးပြောင်းသကဲ့သို့ ရေဒီယိုထုတ်လွှင့်မှုကိုလည်း Analogue စနစ်မှ Digital စနစ်ကို ကူးပြောင်းနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်မှုအဖြစ် ရန်ကုန်မြို့မှာ 750 W Digital Audio Broadcasting (DAB+) တပ်ဆင်ထုတ်လွှင့်နိုင်ရေး ရှေ့ပြေးစီမံကိန်း Pilot Project ကို ဆောင်ရွက်ခဲ့ပြီး ၂၀-၃-၂၀၁၇ ရက်နေ့မှစ၍ Digital ရေဒီယိုလိုင်းကို လှိုင်းနှုန်း တစ်ခုလျှင် ရေဒီယို ရှစ်လိုင်းအထိ စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။

ထို့အတူ MRTV Channel ကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ဖို့ Standard Definition (SD) စနစ်ကနေ High Definition (HD)စနစ်သို့ MRTV ရဲ့ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင်ပြောင်းလဲထုတ်လွှင့်နိုင်ခဲ့ပြီး အရုပ်နဲ့အသံ ကြည်လင်ပြတ်သားစွာဖြင့် တင်ဆက်နေပြီ ဖြစ်ပါတယ်။

**အွန်လိုင်းမီဒီယာ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ TV နဲ့ ရေဒီယိုထုတ်လွှင့်ခြင်းအပြင် Online Media ကိုလည်း ၂၀၁၃ ခုနှစ်မှာ MRTV Web portal ကို စတင်ဖွဲ့စည်းခဲ့ပြီး https://www.mrtv.gov.mm လိပ်စာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ MRTV Facebook Page၊ MRTV Youtubeနဲ့ MRTV Website တွေကတစ်ဆင့် MRTV ရဲ့ Channel မှ အစီအစဉ်တွေ၊ သတင်းတွေ၊ ဖျော်ဖြေရေး အစီအစဉ်တွေအပြင် အများပြည်သူသိသင့်သိထိုက်တဲ့ Public Service Announcement (PSA) နဲ့ Breaking News တွေကို အချိန်နဲ့တစ်ပြေးညီ သတင်းဦး၊ သတင်းထူးအဖြစ် ထုတ်လွှင့်လျက်ရှိပါတယ်။ အခုဆိုရင် MRTV Facebook Page ဟာ Page Like အရေအတွက် ၉ ဒသမ ၅၈၈ သန်းနဲ့ Followers ၉ ဒသမ ၉၈၉ သန်းရှိနေပြီဖြစ်ပြီး အများပြည်သူအတွက် အချိန်နဲ့တစ်ပြေးညီ တိကျမှန်ကန်တဲ့ သတင်းအစီအစဉ်တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို တင်ဆက်လျက်ရှိပါတယ်။

**ထူးခြားထင်ရှားထုတ်လွှင့်မှုများ**

MRTV ရဲ့ ထူးခြားထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့တဲ့ ခေါင်းစဉ်နဲ့ အကြောင်းအရာတွေထဲက အနည်းငယ် ထုတ်နုတ်တင်ပြရရင် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့သတင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားသတင်းတွေကို ရေဒီယိုကနေ တိုက်ရိုက်ထုတ်လွှင့်ခဲ့သလို ပါတီစုံဒီမိုကရေစီခေတ်မှာတော့ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games)၊ ၂၀၁၄ ခုနှစ်မှာ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများ၊ ၂၀၁၅ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးရှိ မြို့ကြီး ၁၁ မြို့မှာ လှည့်လည်ကျင်းပခဲ့ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်ပြသခဲ့တဲ့ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) တွေဟာ ထူးခြားထင်ရှားထုတ်လွှင့်မှုတွေ ဖြစ်ပါတယ်။

**စိန်ခေါ်မှုများကြားမှ ရုန်းထမှု**

ကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ မြန်မာနိုင်ငံမှာလည်း ၂၀၂၀ ပြည့်နှစ် မတ်လမှစပြီး ဖြစ်ပွားမှုနဲ့အတူ သွားလာနေထိုင်မှု ကန့်သတ်ချက်တွေ ပြုလုပ်ခဲ့ရပါတယ်။ အဲဒီစိန်ခေါ်မှုတွေကြားက ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်နဲ့ ပညာပေးအစီအစဉ်တွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေအပြင် သင်္ကြန်တွင်းကာလမှာ သင်္ကြန်ရင်ခုန်သံ ဖျော်ဖြေရေးအစီအစဉ်၊ ၂၀၂၀ ပြည့်နှစ်မှာပဲ တိုက်ဆိုင်စွာ ကျရောက်လာတဲ့ မြန်မာ့ရုပ်ရှင်ရာပြည့်သဘင်နဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် အထိမ်းအမှတ် အခမ်းအနားကြီးတွေအတွက် မူလအစီအစဉ်တွေအပြင် အစီအစဉ်မျိုးစုံဖြင့် တိုးမြှင့်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။

**ယနေ့ MRTV**

ဒီနေ့အချိန်အခါမှာတော့ MRTV ရဲ့ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်ပြုလုပ်ပြီး MRTV ရဲ့အောင်မြင်မှုတွေကို မှတ်တမ်းတင်ဂုဏ်ပြုတင်ဆက်နေပါတယ်။ MRTV ရဲ့(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် အင်္ဂလိပ်ဘာသာနဲ့ FM Channel အသစ်တစ်ခုကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှာ ကနဦး နားဆင်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေသလို MRTV ရဲ့ မြန်မာပိုင်းအစီအစဉ်ထဲမှာလည်း အင်္ဂလိပ်ဘာသာနဲ့ သတင်းအစီအစဉ် ထည့်သွင်းထုတ်လွှင့်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**ရှေ့သို့လှမ်းချီ**

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် စတဲ့ ရည်ရွယ်ချက်တွေနဲ့ ၁၉၄၆ ခုနှစ်ကနေ စတင်ရှင်သန်ပေါက်ဖွားခဲ့တဲ့ ပြည်သူ့အတွက် MRTV ဟာ ယခု(၇၅)နှစ်မြောက် စိန်ရတုသက်တမ်းတိုင်အောင် ခေတ်အဆက်ဆက်မှာ တိုးတက်ပြောင်းလဲမှုတွေနဲ့အတူ နိုင်ငံပိုင်မီဒီယာဌာနကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိပါ တယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ စိန်ရတုခရီးကို ပြန်ကြည့်ရင် နိုင်ငံနဲ့ပြည်သူအတွက် အလုပ်အကျွေးပြု ဝန်ဆောင်မှုပေးခဲ့တဲ့ “ကြီးမားတဲ့ဂုဏ်အင်” ကို မြင်တွေ့ရမှာဖြစ်ပါတယ်။ MRTV ရဲ့ စိန်ရတုအတွေ့အကြုံတွေကို အားပြုပြီး ထက်သန်တဲ့ဆန္ဒ၊ ထက်မြက်တဲ့ ဉာဏ်ပညာ၊ မလျှော့တဲ့ ခွဲလုံ့လဝီရိယတွေနဲ့အတူ ရှေ့သို့တက်လှမ်း နေမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။ ။

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၉၄ ဒသမ ၂၉၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၆,၂၂၅ ဖြစ်ပါသည်။ ဖေဖော်ဝါရီ ၁၀ ရက်အထိ ရန်ပုံငွေစာရင်း၏အခြေအနေမှာ ဇယားပါအတိုင်းဖြစ်သည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၄-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၉,၈၁၄,၈၅၀,၀၀၃.၃၉ |
| (+) ၄-၂-၂၀၂၁ မှ ၁၀-၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁၉၄,၂၉၈,၁၁၂.၀၀ |
| ၁၀-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၀၀၉,၁၄၈,၁၁၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၄-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၃၃,၉၂၄.၅၃ |
| (+)၄-၂-၂၀၂၁ မှ ၁၀-၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၆,၂၂၅.၀၀ |
| ၁၀-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |



## ကျိုင်းတုံမြို့နယ်နှင့် မိုင်းခတ်မြို့နယ်တို့ကို ဆက်သွယ်ပေးသည့် လမ်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၄ ဒသမ ၁၁၈ သန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ထိုက်အုပ်စု ကတ်ထိုက်-လွယ်ပန်တောင်း ကျေးရွာများနှင့် မိုင်းခတ်မြို့နယ် ဝမ်အွန်အုပ်စု အင်ဂိုလုံကျေးရွာသို့ ဆက်သွယ်သည့်လမ်း (၁/၄)မိုင်အား ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် မိုင်းခတ်မြို့နယ်အတွင်းမှ ဝမ်အွန်၊ မိုးညှင်း၊ ဟုတ်ပုံကျေးရွာအုပ်စု သုံးအုပ်စုမှ ကျေးရွာ ၃၆ ရွာ၊ အိမ်ခြေ ၁၁၄၉ အိမ်၊ လူဦးရေ ၇၅၀၀ တို့အား အကျိုးပြုသည့် လမ်းပိုင်းဖြစ်ပြီး ဒေသခံပြည်သူများသည် ကျိုင်းတုံမြို့သို့ အချိန်တိုအတွင်း ကူးလူးသွားလာနိုင်မည့်အပြင် ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

## ဝန်းသိုမြို့နယ် ချမ်းမြသီတာကျေးရွာ၌ ကျေးလက်နေအိမ်ခြေ ၁၀၆ အိမ်ကို အကျိုးပြုနိုင်မည့် လေးလက်မစက်ရေတွင်းတူးဖော်လျက်ရှိ

**ဝန်းသို ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ချမ်းမြသီတာကျေးရွာ၌ ကျေးလက်နေ အိမ်ခြေ ၁၀၆ အိမ်၊ လူဦးရေ ၆၆၆ ဦးတို့ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီ၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းမြသီတာ ကျေးရွာ၌ ရေသိုလှောင်ရန် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ယခင်နှစ် ဘတ်ဂျက်များဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယခုစက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုဘတ်ဂျက်(မွမ်းမံ)ရန်ပုံငွေမှ တင်ဒါအောင်မြင်ငွေ ကျပ် ၁၀ ဒသမ ၂၀ သန်းဖြင့် သိန်းသန်းရတီကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



ဝန်းသိုမြို့နယ်၌ ကျေးလက်နေပြည်သူများ ရေရရှိရေးလုပ်ငန်းကို ခပ်ချိုကျေးရွာ၊ ဒုန်းဒုတ်ကျေးရွာ၊ ချမ်းမြသီတာကျေးရွာ၊ နောင်ကွင်းကျေးရွာ၊ ကျူတောကျေးရွာ၊ အင်းပုဒ်ကုန်းကျေးရွာနှင့် မြိုင်ဇေယျာကျေးရွာစသည့် ကျေးရွာပေါင်း ခုနစ်ရွာတို့၌ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး ဘတ်ဂျက် တင်ဒါအောင်မြင်ငွေ ကျပ် စုစုပေါင်း ၇၅ သန်းဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ဘုတလင်မြို့နယ် တောင်သူလယ်သမားအစုအဖွဲ့က ၂၀၂၀ ပြည့်နှစ်အတွင်း သဘာဝမြေဩဇာ EM ဘိုကာရှီမြေဆွေး တန် ၆၀ ကျော် ပြုလုပ်ပေးနိုင်ခဲ့

**ဘုတလင် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တောင်သူလယ်သမားအစုအဖွဲ့က စိုက်ပျိုးမြေများ၏ မြေဆီလွှာစွမ်းအား မြှင့်တင်ပေးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်း တောင်သူများအား သဘာဝမြေဩဇာ EM ဘိုကာရှီမြေဆွေး တန် ၆၀ ကျော်ကို ကွင်းဆင်းပြုလုပ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်ထံမှ သိရသည်။

မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့က ၂၀၂၀ ပြည့်နှစ်အတွင်း ကျေးရွာ ၁၁ ရွာမှ တောင်သူ ၁၁ ဦးအတွက် စိုက်ပျိုးမြေဧက ၆၁ ဧကတွင် အသုံးပြုနိုင်သည့် EM ဘိုကာရှီမြေဆွေး မက်ထရစ်တန် ၆၁ တန်ကို ကွင်းဆင်းပြုလုပ်ပေးနိုင်ခဲ့သည်။

"EM ဘိုကာရှီမြေဆွေးက မြေဆီလွှာစွမ်းဆောင်ရည်ကို တစ်နှစ်ထက်တစ်နှစ် တိုးလာစေပြီး သီးနှံတွေကို သဘာဝဘေးဒဏ်ဖြစ်တဲ့ ပိုးမွှားရောဂါဘေး၊ မိုးခေါင်တဲ့ဘေးတွေကိုလည်း ခံနိုင်ရည်ရှိစေပါတယ်။ EM ဘိုကာရှီမြေဆွေးကို အသုံးပြုတဲ့အတွက် ဓာတုဆေးဝါးတွေကိုလည်း လျှော့ချနိုင်ပါတယ်။ ဒါကြောင့် မြို့နယ်အတွင်းက တောင်သူတွေ EM ဘိုကာရှီမြေဆွေးကို အသုံးပြုစိုက်ပျိုးနိုင်ဖို့အတွက် အစုအဖွဲ့ဝင်တွေက ကျေးရွာ၊ ယာခင်းအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ပြောသည်။

EM ဘိုကာရှီမြေဆွေးကို နွားချေး၊ ဖွဲနု၊ အသင့်သုံး EM (အကျိုးပြုအဏုဇီဝပိုးမွှားရည်)၊ တင်လဲရည်၊ နှမ်းရိုး၊ ဆန်ကွဲ၊ စက်ဖွဲပြာ၊ နှမ်းဖတ်တို့ကို ရေအစိုဓာတ် ၄၀ ရာခိုင်နှုန်းအသုံးပြုကာ အလျား ၁၈ ပေ၊ အနံ ခြောက်ပေနှင့် အမြင့်သုံးပေရှိ မြေဆွေးပုံများကို ပြုလုပ်အသုံးပြုကြကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**




နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားသည့် နိုင်ငံတစ်ဝန်းမှ ဘုရား၊ စေတီပုထိုးများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ဖူးမြော်ခွင့်ပြုခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ လာရောက်ဖူးမြော်ကြည်ညိုကြသူ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြသည်။

**ဆောင်ရွက်ပေး**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း သုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားပုထိုးများ ဖူးမြော်ခွင့်အတွက် Bagan Arch Page ၌ စည်းကမ်းချက်များ အသိပေးဖော်ပြထားရှိ



**ညောင်ဦး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားများကို ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ချိန်မှစတင်၍ လာရောက်ဖူးမြော်ခွင့်ပိတ်ထားခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်မှစတင်ပြီး ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းထံမှ သိရသည်။

ထိုသို့ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားပုထိုးများ ဖူးမြော်ခွင့်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးခရီးသွားများ၊ ခရီးသွားဧည့်သည်များ လိုက်နာရမည့် စည်းကမ်းချက်များကို ဘုရားတစ်ဆူချင်းအလိုက် Bagan Arch Page တွင်အသိပေးဖော်ပြထားရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ဘုရားဖူးလေ့လာရေးလာရောက်ကြမည့် ဘုရားဖူးများ အနေဖြင့် ဘုရားတစ်ဆူချင်းအလိုက် စည်းကမ်းချက်များ သတ်မှတ်ပေးထားကာ နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ၅ နာရီအထိတစ်ကြိမ် ဘုရားဖူးခွင့်ပြုထားကာ ရှေးဟောင်းနံရံဆေးရေးပန်းချီ၊ မင်စာ၊ အုတ်ခွက်စာ၊ ရှေးဟောင်းဗိသုကာလက်ရာများ ပျက်စီးနိုင်သည့် ဘုရားများကို ဓာတ်ပုံကင်မရာ၊ ဖုန်းကင်မရာများဖြင့် ဓာတ်ပုံရိုက်ခြင်းမပြုရန်လည်း ဘုရားတစ်ဆူချင်းအလိုက် Bagan Arch Page တွင် အသိပေးဖော်ပြထားသည်။ ထို့အပြင် ဘုရားလိုဏ်အတွင်း ဝင်ရောက်ဖူးမြော်စဉ် နံရံဆေးရေးပန်းချီများရှိသဖြင့် ဆီမီးတိုင်၊ နံ့သာတိုင်များ ထွန်းညှိပူဇော်ခြင်းမပြုရန်၊ ဘုရားအတွင်းရှိ နံရံများကိုကိုင်တွယ်ခြင်း၊ ရေးခြစ်ခြင်းနှင့် ခန္ဓာကိုယ်နှင့် မှီတွယ်ပွတ်တိုက်ခြင်းများ မပြုရန်၊ ဘုရားအတွင်းသို့ နှာခေါင်းစည်း တပ်ဆင်ဝင်ရောက်သူများသာ ဝင်ခွင့်ပြုမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာတွင်မှ ဖူးမြော်ရန်၊ ဘုရားအတွင်းတာဝန်ချထားသော တာဝန်ကျဝန်ထမ်းများ မေတ္တာရပ်ခံသည့် စည်းကမ်းချက်များကို ပူးပေါင်းလိုက်နာဆောင်ရွက်ရန် တို့ကို Bagan Arch Page တွင်အသိပေးဖော်ပြထားရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းထံမှ သိရသည်။

**ကိုထိန်(KPD)**

## ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC)၊ MITV၊ Channel 9 ၊ Skynet (တိုင်းရင်းသားအစီအစဉ်)နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုအထိမ်းအမှတ်အဖြစ် Myanmar Radio အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Radio Channel ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် “Myanmar Radio” အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Radio Channel ကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ထုတ်လွှင့်နိုင်ရန် ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ FM အစီအစဉ်ကို နေ့စဉ် နံနက် ၇ နာရီမှ ည ၁၁ နာရီအထိ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း 94.6 MHz ဖြင့်လည်းကောင်း၊ ပျဉ်းမနားမြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း 101.7 MHz ဖြင့်လည်းကောင်း၊ စစ်ကိုင်းမြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း 99.0 MHz ဖြင့် လည်းကောင်း ဖမ်းယူရရှိမည်ဖြစ်သည်။

မြန်မာ့အသံရေဒီယို (အင်္ဂလိပ်ပိုင်း) အစီအစဉ်အား မြန်မာပိုင်းအစီအစဉ်နှင့် တစ်ဆက်တစ်စပ်တည်း နေ့စဉ် နံနက် ၉ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီအထိလည်းကောင်း၊ ည ၁၀ နာရီမှ ၁၁ နာရီခွဲထိလည်းကောင်း လက်ရှိထုတ်လွှင့်နေမှုတွင် ည ၁၀ နာရီမှ ၁၁ နာရီအတွင်း ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကာလင်္ကာရကျောင်းသို့ လှူဖွယ်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် သာကေတမြို့နယ် ၁၀ တောင်ရပ်ကွက်ရှိ တိပိဋကာလင်္ကာရ အမှတ်(၁)ကျောင်း ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးရာကိစ္စရပ်များကို လျှောက်ထားပြီး လှူဖွယ်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

**တိုင်းဒေသကြီး(ပြန် /ဆက်)**




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလုပ်ငန်းအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လုပ်ငန်းများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်ရှိနိုင်ခြေပိုများသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုဖြစ်ပွားခဲ့ဖူးသူများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မှတ်ဉာဏ်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊ နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူနာပိုင်များ အိုင်ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါ ရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်မျိုးမျိုးမှီခိုနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို (၂)ကြိမ် ထိုးနှံရမည်ဖြစ်ပါသည်။ ပေးသုံးပုံအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ယခုရှိထားသော အတည်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို ယခုတလော အတည်ပြုခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာအသေချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖွဲ့တာဝန်ရှိသူများ တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖွဲ့ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ကျေးလက်နှင့်မြို့ပြနေပြည်သူများအားလုံး လူမှုစီးပွားရေးလုပ်ငန်းများနှင့် စားဝတ်နေရေးကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အားသည် အရေးကြီးကြောင်း လျှပ်စစ်မီးပြတ်တောက်ပါက နောက်ဆက်တွဲကိစ္စရပ်များ ဆင့်ကဲဖြစ်ပွားနိုင်သဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးရန် လိုကြောင်းနှင့် အခက်အခဲနှင့် လိုအပ်ချက်များရှိပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ၂၄ နာရီ ဝန်ဆောင်မှုပေးနေသည့် အခြေအနေများ၊ ဓာတ်အားခ ကောက်ခံရာတွင် ဖြေလျှော့ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# သီပေါ၌ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားသစ်ဖွင့်ပွဲကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၁၁**

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု၍ သီပေါမြို့နယ် တုံစင့်ကျေးရွာအုပ်စု၌ ကိုယ့်အားကိုယ်ကိုး လယ်ယာကုန်ထုတ်ကွန်ကရစ်အမျိုးအစား “ရွှေတံတား” သစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပသည်။

တံတားသစ်ဖွင့်ပွဲသို့ ကျေးရွာတာဝန်ရှိသူများ၊ တံတားဖြစ်မြောက်ရေးအလှူရှင်များ၊ တောင်သူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြပြီး တံတားမတည်အလှူရှင် အကျိုးဆောင် ဦးစိုင်းခင်မောင်ဝင်းက တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ကျေးရွာလူထုကိုယ်စား ဒေသခံတိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တံတားသစ်ကို ဦးစိုင်းခင်မောင်ဝင်းနှင့် ဦးစိုင်းဆံစိုင်း (တုံစင့်နန်းထိန်းကြီး)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ရွှေတံတားသစ်ကို ဦးစိုင်းခင်မောင်ဝင်းက လိုအပ်သောမြေကွက်နှင့် လမ်းမြေအပြင် မတည်ထည့်ဝင်ငွေကျပ်နှစ်သိန်းတို့ကို လှူဒါန်းပြီး ဒေသခံများနှင့် ရပ်နီးရပ်ဝေးအလှူရှင်များမှ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၆၈ ဒသမ ၁၅၀၀၀ ဖြင့် အလျား ၁၄ ပေ၊ အနံ ၁၂ ပေရှိ ကွန်ကရစ်အမျိုးအစားတံတားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ကျေးလက်ကုန်ထုတ်သယ်ယူပို့ဆောင်ရေးနှင့် ဒေသခံပြည်သူများအတွက် အလွယ်တကူသွားလာအသုံးပြုနိုင်ကြပြီဖြစ်သည်။

**သီပေါကိုလတ်**

# မိုင်းယောင်း၌ ကြက်သွန်ဖြူစိုက်တောင်သူများ ပုံမှန်ဝင်ငွေရ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်ပိုင်တစ်နိုင် ကြက်သွန်ဖြူစိုက် တောင်သူများသည် ဒေသထွက်ကြက်သွန်ဖြူ အောင်မြင်ဖြစ်ထွန်းပြီး ခူးဆွတ်ရောင်းချချိန်၌ ပုံမှန်ဝင်ငွေရရှိနေကြကြောင်း သိရသည်။



“ဒီနှစ်ကတော့ ကြက်သွန်ဖြူတွေ အထွက်ကောင်းတယ်။ ဒါပေမယ့် မနှစ်ကလို ဈေးတွေမရဘူး။ မနှစ်ကတော့ ကြက်သွန်တစ်စည်းကို ငွေကျပ် ၁၀၀၀ ကနေစပြီး ရောင်းချရတယ်။ ဒီနှစ်တော့ ကြက်သွန်ဖြူ အထွက်ကောင်းပေမယ့် ဈေးကျတယ်။ တစ်စည်းကို ငွေကျပ် ၅၀၀ လောက်ပဲရတယ်။ ဒါပေမယ့် မိသားစု စားဝတ်နေရေးအတွက် နေ့စဉ်ပုံမှန်ဝင်ငွေ ရနေကြပါတယ်”ဟု ကြက်သွန်ဖြူစိုက်တောင်သူတစ်ဦးက ပြောသည်။

မိုင်းယောင်းမြို့နယ်မှ တောင်သူများသည် မိသားစုအလိုက် တစ်ပိုင်တစ်နိုင် ကြက်သွန်ဖြူစိုက်ပျိုးကြပြီး ယခုအခါ ကြက်သွန်ဖြူများ စတင်ရိတ်သိမ်း ရောင်းချနေကြပြီဖြစ်ရာ ငွေကျပ် ၇၀၀၀ မှ ၁၅၀၀၀ အထိ နေ့စဉ်ပုံမှန်ဝင်ငွေ ရရှိနေကြကြောင်း ကြက်သွန်ဖြူစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်း – အားချာ**
**ဓာတ်ပုံ – နန်းပန်**

# အပင်ပြတ် ကြိုဝယ်ယူရသည့် နိုင်ငံခြားဈေးကွက်ဝင် ရွှေမန်ကျည်းမှည့်

**မြို့သစ် ဖေဖော်ဝါရီ ၁၁**

မန်ကျည်းရာသီချိန် မန်ကျည်းပင်များအား သိန်းချီပြီး အပင်ပြတ် ကြိုတင်ဝယ်ယူရောင်းချရသောကြောင့် မန်ကျည်းစိုက်တောင်သူများ ငွေကျပ်တစ်သိန်းမှ ငွေကျပ်သုံးသိန်းအထိ အပိုဝင်ငွေရရှိစေကာ ဝင်ငွေကောင်းလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သားမျှားကျေးရွာမှ မန်ကျည်းနယ်လှည့်ဝယ်ယူသူ ကိုသန်းအေးထံမှ သိရသည်။

မကွေး၊ မြို့သစ်၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ မင်းဘူး၊ မင်းလှ၊ သရက်၊ လက်ပန်တံကား၊ စေတုတ္တရာ၊ ငဖဲ အထိ သွားရောက်ပြီး မန်ကျည်းပင်များအား နှစ်စဉ်ပင်ပြတ်ဝယ်ကာ ငွေကြိုပေးရာ သိန်းချီရကြ၍ မန်ကျည်းပင်မှ မန်ကျည်းမှည့်ရောင်းရငွေက ရွှေထွက်ကြောင်း အညာဒေသ တောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့က မကွေးတိုင်းဒေသကြီးအတွင်း သာမက မန္တလေးတိုင်းဒေသကြီးအထိအနှံ့သွားပြီး မန်ကျည်းပင်ကို တစ်ပင်ကျပ်တစ်သိန်း အပင်ကြည့်၊ အသီးသီးမှုအပေါ်ကြည့် အပင်ပြတ်ကြိုငွေပေးဝယ်ပါတယ်။ လက်ရှိမန်ကျည်းအမှည့်ဈေးက တစ်ပိဿာ ငွေကျပ် ၃၀၀၀ ဖြစ်ပါတယ်။ ဒီနှစ် မန်ကျည်းသီးမှည့်ဈေးက ကောင်းတယ်။ အသီးလည်း ပိုသီးတယ်။ အပင်ရှင်က ဘာမှပြန်ကြည့်စရာမလိုဘူး။ အပင်ပြတ်ဝယ်သူက မန်ကျည်းပင်ပေါ်တက် ပုတ်ယူရတယ်။ ကောက်ရတယ်။ ပိုင်ရှင်ဘာမှလုပ်စရာမလိုဘူး။ မန်ကျည်းအတောင့်ဈေး၊ အစေ့မပါ ထုဖတ်ဈေး အမျိုးမျိုးရှိပါတယ်။ ကျွန်တော်တို့ကတော့ ကျောက်ပန်းတောင်းကို တစ်ဆင့်ပြန်ရောင်းတာများပါတယ်”ဟု ၎င်းက ပြောပြသည်။

မြန်မာနိုင်ငံအနှံ့အပြား မန်ကျည်းပင်များကို ရှေးဘိုးဘွားများက အိမ်ဝင်းခြံစည်းရိုးများတွင် အရိပ်ရနှစ်ရှည်ပင်အဖြစ် စိုက်လေ့ရှိကြသည်။

ယခုအခါ မန်ကျည်းသီး၊ မန်ကျည်းရွက်များက ဈေးကွက်တွင် နေ့စဉ်ဝင်ငွေရသောကြောင့် မန်ကျည်းစိုက်ပျိုးသူများလာသည်ကို တွေ့ရသည်။

မန်ကျည်းရာသီ ပြာသိုလ၊ တပို့တွဲလ၊ တပေါင်းလများတွင် မန်ကျည်းပင်များကို ရာသီချိန်အတွင်း ပင်ပြတ်သိန်းချီပေးကာ ကြိုတင်ငွေပေးဝယ်ယူထားခြင်းကြောင့် မန်ကျည်းပင်ရှိသူများ ဝင်ငွေသိသိသာသာရရှိကြောင်း သိရသည်။

အမေရိကန်ဒေါ်လာရစေသည့် အညာထွက်ကုန် ရွှေမန်ကျည်း ပြီးခဲ့သည့်ဇန်နဝါရီလ အတွင်းက မြန်မာ့မန်ကျည်းမှည့် ၁၂၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တစ်ဆင့် တင်ပို့ခဲ့ကြောင်း၊ ယခု တစ်ပတ်အတွင်း စင်ကာပူနိုင်ငံသို့ မန်ကျည်း ၂၅ တန်နှင့် ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၀၀ တင်ပို့နိုင်ခဲ့ကြောင်း နိုင်ငံတော်ထုတ် Commerce စီးပွားရေးသတင်းအရလည်း သိရသည်။

မန်ကျည်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၃၀ ခန့် ဈေးရရှိကြောင်း သိရသည်။

မန်ကျည်းတင်ပို့မှု အမေရိကန်ဒေါ်လာ စုစုပေါင်း ၇၈၆၂၅ ဒေါ်လာ ဝင်ငွေရရှိကြောင်း မန်ကျည်းစီးပွားရေးလုပ်ငန်းရှင်များထံမှလည်း သိရသည်။

အညာမြေလတ်ဒေသထွက်ကုန်များထဲတွင် မန်ကျည်းမှည့်သည် ပြည်တွင်းစားသုံးမှုသာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အညာဒေသထွက်ကုန် မြန်မာ့မန်ကျည်းမှည့်များအား ပို့ကုန်အမယ်တစ်မျိုးအဖြစ် ပြည်ပသို့ နှစ်စဉ် တင်ပို့ရောင်းချလျက်ရာ မျက်နှာပန်းပွင့်လျက်ရှိကြောင်း သိရသည်။

**မကွေးဝင်းမောင်**



## ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညိုခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇) မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂)ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်အလိုက် လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| | စုစုပေါင်း | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ထန်းလျှော်တောင်းရက်လုပ်သူများ ဈေးနှုန်းကောင်းမွန်ရေး မျှော်လင့်

**တံတားဦး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဘလဲ့ဘကျေးရွာမှ ထန်းလျှော်တောင်းရက်လုပ်သူများ ယခုနှစ် သရက်သီးရာသီ တောင်းဈေးနှုန်းကောင်းမွန်ရေး မျှော်လင့်လျက်ရှိသည်။

လက်ရှိကာလတွင် ထန်းလျှော်ဈေးနှုန်း မြင့်တက်ကာ ထန်းလျှော်တောင်းဈေးကွက် ကျဆင်းနေသည့်အတွက် အကျိုးအမြတ်နည်းနေကြောင်း သိရသည်။

ထန်းလျှော်ကုန်ကြမ်းဈေးမှာ ယမန်နှစ်က ထန်းလျှော် ၁၀၀ လျှင် ငွေကျပ် ၄၀၀၀ ပေးရပြီး ယခုနှစ်တွင် ထန်းလျှော် ၁၀၀ လျှင် ငွေကျပ် ၅၀၀၀ ပေးရသည်။ ထန်းလျှော်ကောင်းပါက ထန်းလျှော် ၁၀၀ လျှင် ငွေကျပ် ၅၀၀၀ ကျော် ၆၀၀၀ အထိ ပေးရကြောင်း သိရသည်။

ဘလဲ့ဘကျေးရွာတွင် ထန်းလျှော်တောင်း ရက်လုပ်ရောင်းချခြင်းကို တစ်နှစ်ပတ်လုံး ပြုလုပ်ကြသည်။ တစ်နှစ်ပတ်လုံး ထန်းလျှော်တောင်း ရက်လုပ်နိုင်ရန်အတွက် ထန်းလျှော်များကို ကြိုတင်သိုလှောင်ထားကြရသည်။

ထန်းလျှော်တစ်တောင်းဖြစ်ရန်အတွက် ထန်းလျှော်အစိုမှ အခြောက်အထိ အဆင့်ဆင့်ပြုလုပ်ကာ ရေစိမ်ခြင်း၊ ထန်းလျှော်သပ်ခြင်းများကို ပြုလုပ်ကြရသည်။ ထန်းလျှော်ကို အကြိမ်ကြိမ်နေလှန်းခြင်း၊ ရေစွတ်ခြင်းများ ပြုလုပ်ပြီးမှသာ ထန်းလျှော်တောင်းရက်လုပ်ကြရသည်။ လက်ရှိကာလတွင် ဒေသအခေါ် တစ်တင်းခွဲဝင်တောင်းအများစု ရက်လုပ်ရောင်းချလျက်ရှိသည်။

အထူးသဖြင့် သရက်သီးပေါ်ချိန်တွင် ထန်းလျှော်တောင်းဈေးကွက် ကောင်းမွန်လေ့ရှိသည်။ တစ်တင်းခွဲဝင်တောင်း တစ်တောင်းလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဖောက်သည်သွင်းကြရသည်။

အများအားဖြင့် တစ်ပိုင်တစ်နိုင် မိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး လက်ခစားရက်သူများလည်း ရှိသည်။ လူတစ်ဦးလျှင် တစ်နေ့ ထန်းလျှော်တောင်း ၁၀ တောင်းအထိ ပြီးသည်။ လက်ခစားရက်လုပ်သူများမှာ တောင်းတစ်လုံးလျှင်ငွေ ကျပ် ၅၀၀ ရရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**





## ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့မှ ဆင်တုံးမနွယ်ရှာဖွေရောင်းချသူများ မိသားစုစီးပွားရေး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့မှ ကျေးလက်တောင်သူများ အလေ့ကျပေါက်သည့် ဆင်တုံးမနွယ်ရှာဖွေရောင်းချခြင်းဖြင့် မိသားစုစီးပွားရေး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနေကြောင်း ငါ့သရောက်မြို့ တမာခါးကျေးရွာမှ ဦးစိန်မြင့်က ပြောကြားသည်။

ညောင်ဦးမြို့နယ်မှ ကျေးလက်တောင်သူများ၊ ငါ့သရောက်မြို့မှ ကျေးလက်တောင်သူများသည် ဆင်တုံးမနွယ်ပင်များရှာဖွေခြင်းကို မိသားစုလိုက်သော်လည်းကောင်း၊ တစ်ဦးတည်းသော်လည်းကောင်း ရှာဖွေကြကာ လက်မဝက်လောက် ခားဖြင့်စဉ်း၍ မစိုမခြောက်နေပူလှန်းကာ ပခုက္ကူမြို့ ပွဲရုံများသို့ ကိုယ်တိုင်သွားရောက်ရောင်းချကြကြောင်း သိရသည်။ ကိုယ်တိုင်သွားရောက်မရောင်းချနိုင်ပါကလည်း ဆင်တုံးမနွယ်ပွဲစားများကိုယ်တိုင် လာရောက်ဝယ်ယူကြကြောင်း သိရပြီး ရွှတ်ပြင်းပြင်းမစိုမခြောက် ဆင်တုံးမနွယ်တစ်ပိဿာ ငွေကျပ် ၄၀၀ ဈေးရောင်းချရကြောင်း ညောင်ဦးမြို့မှ ဆင်တုံးမနွယ်ပင်များရှာဖွေရောင်းချနေသည့် ဦးဝင်းစိုးက ရှင်းပြသည်။

"ကျွန်တော်တို့ မိသားစုသုံးယောက် ရေးဟောင်းဇုန်ထဲမှာ ရှိခြုံနွယ်သစ်ပင်များထဲက သစ်ပင်တွေပေါ်ကနေ တွဲလောင်းကျနေတဲ့ ဆင်တုံးမနွယ်ပင်တွေ၊ ကမ်းပါးယံပေါ်က ဆင်တုံးမနွယ်ပင်တွေကို မိသားစုသုံးယောက် လိုက်လံခုတ်ယူကြရာ တစ်နေ့သုံးဘီးတစ်စီးတိုက်ရတဲ့နေ့ရှိသလို သုံးဘီးတစ်ဝက်လောက်ပဲရတဲ့နေ့လည်းရှိကြောင်း ဦးဝင်းစိုးက ရှင်းပြသည်။

ဆင်တုံးမနွယ်ပင်များသည် အလေ့ကျပေါက်ကာ သစ်ပင်ကြီး၊ သစ်ပင်ငယ်များပေါ် တွယ်ကပ်ပေါက်ရောက်သည့် နွယ်ပင်မျိုးဖြစ်ကာ နွယ်ရုံကြီးပါက တစ်ပင်တည်းနှင့် ပိဿာချိန် အများကြီးရကြောင်း၊ ဆင်တုံးမနွယ်ပင်သည် မြေကြီးပေါ်ဖြစ်ဖြစ်၊ သစ်ပင်ပေါ်ဖြစ်ဖြစ် အပင်ကျသည့်နေရာ ရှင်သန်ကြောင်း၊ ဝယ်ယူသူများက တရုတ်နိုင်ငံသို့ မန္တလေး ဆင်တုံးမနွယ်ပွဲစားများမှတစ်ဆင့် ပြန်လည်ရောင်းချကြောင်းသိရကာ ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများနှင့် ငါ့သရောက်မြို့ ကျေးလက်တောင်သူများ ဆင်တုံးမနွယ်ပင်များ ရှာဖွေရောင်းချခြင်းဖြင့် မိသားစုတစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိနေကြကြောင်း ဆင်တုံးမနွယ်ရှာဖွေရောင်းချနေသူများက ပြောကြားသည်။

**ကိုထိန် (KPD)**



## မိုင်းယောင်း-ကျိုင်းတုံခရီး အနီးကလေး ခရီးမဝေးတော့ပြီ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်သည် ကုန်းတွင်းပိတ်မြို့တစ်မြို့ဖြစ်၍ ယခင်က မိုင်းယောင်းမြို့မှ ကျိုင်းတုံမြို့သို့ ခရီးသွားလာရာတွင် ကုန်းကြောင်းလမ်းခရီးတစ်ခုတည်းကိုသာ အားထားသွားလာကြရသဖြင့် မိုင်းယောင်းမြို့မှ ကျိုင်းတုံမြို့သို့ နံနက်ပိုင်းထွက်ယာဉ်များသည် လမ်းခရီးမြို့များ အဝင်အထွက်ခရီးဖြင့် လချီကြာသွားလာကြခဲ့ရသည်။

ယခုအခါ မိုင်းယောင်း-မိုင်းဖြတ် ကတ္တရာလမ်းသစ် တည်ဆောက်ပြီးစီးသဖြင့် မိုင်းဖြတ်-ကျိုင်းတုံ အဝေးပြေးကားလမ်းမအတိုင်း မိုင်းဖြတ်လမ်းဆုံမှ ကျိုင်းတုံမြို့သို့ သုံးနာရီကျော်ခရီးဖြင့် အရောက်မောင်းနှင်နိုင်ကြပြီဖြစ်သည်။

ယခင်က မိုင်းယောင်းမြို့မှ ကျိုင်းတုံမြို့သို့ လိုက်ပါလိုကြသော ခရီးသွားပြည်သူများအနေဖြင့် ခရီးသည်များလျှင် တစ်နေ့ငါးစီးဖြင့်လည်းကောင်း၊ ခရီးသည်နည်းလျှင် တစ်နေ့သုံးစီးဖြင့်လည်းကောင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း တစ်နေ့တစ်စီး၊ နှစ်စီးသာ စားသောက်ကုန်ပစ္စည်းများအတွက် အဓိကပြေးဆွဲလျက်ရှိသည်။

"ယနေ့နံနက် ၁၀ နာရီခွဲက ရွှေမိုင်းယောင်းကားနဲ့ လိုက်မှာပါ။ မိုင်းယောင်း-မိုင်းဖြတ်လမ်းက သိပ်ကောင်းပြီး လမ်းချောလို့ ကျိုင်းတုံကို ငါးနာရီကျော်ခရီးနဲ့ အရောက်သွားနိုင်မှာပါ။ ခရီးသွားရတာ သက်သောင့်သက်သာ အဆင်ပြေပြေနဲ့ သွားနိုင်လို့ ဝမ်းသာပျော်ရွှင်မိပါတယ်" ဟု ကျိုင်းတုံမြို့မှ မနန်းခမ်းမွန်းက ပြောသည်။

အဆိုပါ ကျိုင်းတုံမြို့နှင့် မိုင်းယောင်းမြို့မှ ခရီးသွားပြည်သူများမှာ မော်တော်ယာဉ်လိုင်းကားများ တိုက်ရိုက်ပြေးဆွဲနေပြီဖြစ်၍ မိုင်းယောင်း-ကျိုင်းတုံ ခရီး အနီးကလေး ခရီးမဝေးတော့သည့် ခရီးစဉ်တွင် ရွှေမိုင်းယောင်းလိုင်းကားများ၊ ရွှေအိုးရတနာလိုင်းကားများဖြင့် တိုက်ရိုက်သွားလာလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ခရမ်းချဉ်သီးဈေး ပြန်တက် စိုက်ပျိုးသူများ အဆင်ပြေ

**မင်းဘူး ဖေဖော်ဝါရီ ၁၁**

ခရမ်းချဉ်စိုက်ခင်းများဖြစ်ထွန်းပြီး လှိုင်လှိုင်ပေါ်နေချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသော်လည်း ခရမ်းချဉ်သီးဈေးပြန်တက်လာသဖြင့် မင်းဘူး(စကု)မြို့နယ်မှ ခရမ်းချဉ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

"ခရမ်းချဉ်က မီးဖိုချောင်သုံးစားစရာရောင်းကုန်အဖြစ်နဲ့ အဓိကရောင်းချရတာပါ။ စောစောပိုင်းက ခရမ်းချဉ်သီးဈေး ငွေကျပ် ၈၀၀၊ ၁၀၀၀ ကနေ ငွေကျပ် ၁၀၀၊ ၂၀၀ ဈေးအထိ ထိုးကျသွားတော့ ကျွန်တော်တို့တောင်သူတွေ တော်တော်ဒုက္ခရောက်ကြတယ်။ အခုတော့ ဈေးပြန်တက်လာတဲ့အတွက် အဆင်ပြေကြပါတယ်'' ဟု ခရမ်းချဉ်စိုက်သူ ကိုဘအေးက ပြောသည်။

မင်းဘူးမြို့နယ်ရှိ ကျေးရွာများအနက် ကျောက်တန်းကျေးရွာမှာ ခရမ်းချဉ်ကို အဓိကထားစိုက်ပျိုးသည့်ဒေသဖြစ်ပြီး မိုးခရမ်းချဉ်၊ ဆောင်းခရမ်းချဉ်ရယ်လို့ အမျိုးမျိုးစိုက်ပျိုးကြပြီး ယခုအခါ မင်းဘူးခရမ်းချဉ်သီးဈေးကွက်မှာ လက်ကားဈေး တစ်ပိဿာလျှင်ငွေကျပ် ၄၀၀ နှင့် လက်လီဈေးတစ်ပိဿာလျှင်ငွေကျပ် ၅၀၀ ဖြင့် ရောင်းချနေရကြောင်း စိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။

"ဒီနှစ်က အသွားအလာကန့်သတ်တဲ့နယ်မြေတွေလည်းရှိတော့ ဈေးတော့နည်းနည်းအေးတာပေါ့၊ ဒါပေမယ့် အခုရက်ပိုင်း ခရမ်းချဉ်သီးဈေးပြန်တက်လာတော့ တောင်သူတွေ အသက်ရှူချောင်တာပေါ့'' ဟု ကျောက်တန်းကျေးရွာမှ စိုက်ခင်းပိုင်ရှင် မနွယ်နွယ်ဌေးက ပြောသည်။

အပင်ငယ်ငယ်အချိန်တွင် မှိုရောဂါကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရသူများရှိသဖြင့် အထူးဂရုစိုက်ပြီး မှိုရောဂါအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ၊ အပင်ကြီးလာသည့်အခါတွင်လည်း ရွက်လိပ်ပိုးနှင့် မှိုရောဂါများ ကျရောက်တတ်သောကြောင့် အထူးဂရုစိုက်ပျိုးရကြောင်း ခရမ်းချဉ်စိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။

**ဇေယျာထက်**

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၄၃ ဦး ထပ်မံဝင်ရောက်



**ချင်းရွှေဟော် ဖေဖော်ဝါရီ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က ၂၇ ဦးနှင့် ယမန်နေ့ ညနေ ၆ နာရီက ၁၆ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၄၃ ဦးထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၃ ဦးတို့မှာ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၁၄ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှတစ်ဦး၊ ကချင်ပြည်နယ် တနိုင်းမြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့မှ သုံးဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့မှ တစ်ဦး၊ ရှမ်းပြည်နယ် ခိုလမ်မြို့နယ်မှ ခုနစ်ဦး၊ ကွမ်းလုံမြို့နယ်မှ ၂၀၊ တန့်ယန်းမြို့နယ်မှ နှစ်ဦး၊ နမ္မတူမြို့နယ်မှ တစ်ဦးနှင့် လားရှိုးမြို့နယ်မှ လေးဦးတို့ ဖြစ်ကြသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၃ ဦးမှ ချင်းရွှေဟော်မြို့နှင့် ထိစပ်လျက်ရှိသည့် လားရှိုးခရိုင် ကွမ်းလုံမြို့နယ်မှ နေရပ်ပြန်ပြည်သူ ၂၀ တို့အား ကွမ်းလုံမြို့နယ်မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး ချင်းရွှေဟော်မြို့ သန္တိသုခ လူမှုကူညီရေးအသင်းယာဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကာ ကျန်ရှိသည့် အခြားမြို့နယ်များမှ နေရပ်ပြန်ပြည်သူ ၂၃ ဦးတို့အား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ Quarantine Center တွင်ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါပိုးရှိ-မရှိစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

# ကျောင်းဆောင်သစ် တည်ဆောက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၁**

အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် မြို့နယ်ကြီးကြပ်မှုကော်မတီနှင့် ကျောင်းအုပ်ကြီးတို့ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်ပညာရေးမှူးရုံး မြတ်ပညာခန်းမ၌ ကျင်းပသည်။

အဆိုပါကျောင်းများမှာ အမက ဇီးကုန်း (ကျားကိုက်ချောင်း)၊ အထက(ခွဲ) ပုဂံစုနှင့် အမက(ခွဲ) တိုက်ကုန်းကျောင်းတို့ဖြစ်ပြီး အရည်အသွေးပြည့်ဝသော ကျောင်းဆောင်သစ်များရရှိနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြို့နယ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**





# မိုင်းဖြတ်၌ တစ်နိုင်တစ်ပိုင် ပဲပုပ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဝမ်နောင်ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ပဲပုပ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေများ တစ်ဖက်တစ်လမ်းကရရှိကြောင်း ပဲပုပ်လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်အွေ့ထံမှ ဖေဖော်ဝါရီ ၁၁ ရက်က သိရသည်။

အဆိုပါ ပဲပုပ်လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်အွေ့က "အဘွားက အသက် ၇၅ နှစ်ရှိပါပြီ။ ပဲပုပ်လုပ်ငန်းကိုတော့ စီးပွားဖြစ်မလုပ်ကိုင်ဘဲ တတ်နိုင်သလောက် တစ်ပိုင်တစ်နိုင်ပဲလုပ်ကိုင်ပါတယ်။ လုပ်တာတော့ သုံးလေးနှစ်လောက်ရှိပါပြီ။ ကျေးရွာမှာလုပ်ကိုင်နေသူတချို့ကတော့ ပဲပုပ်ကို ကိုယ်တိုင်စိုက်ပျိုးပြီး လုပ်ကိုင်ကြပေမယ့် အဘွားကတော့ ပဲပုပ်စေ့ကို ဝယ်ယူပြီး တော့ လုပ်တဲ့အတွက် အမြတ်များများမရဘူးပေါ့။ မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းကရဖို့ပဲ လုပ်ပါတယ်" ဟု ပြောသည်။

"ပဲပုပ်ပြုလုပ်ပုံကတော့ ပဲပုပ်စေ့ကိုရေစိမ်ပြီး ပဲပုပ်စေ့ကျက်အောင် သုံးနာရီခန့်ပြုတ်ရပါတယ်။ ပြုတ်ပြီးတဲ့ပဲပုပ်ကို နှစ်ရက်ခန့်(သို့မဟုတ်) သုံးရက်ခန့် လေလုံအောင်ထုပ်ထားရပါတယ်။ ပဲပုပ်နှပ်ရင်တော့ ညက်အောင်ထောင်းရပါတယ်။ အရင်တုန်းကတော့ ရိုးရာလက်စုံတွေနဲ့ထောင်းရပေမယ့် အခုကတော့စက်နဲ့ကြိတ်ပါတယ်။ ကြိတ်လို့ရရှိလာတဲ့ ပဲပုပ်အနှစ်များကို မိမိလိုချင်တဲ့ပမာဏကို လုံးပြီး အခြောက်ခံဖို့အတွက် ဝိုင်းနေအောင် အချပ်ပြုလုပ်ပြီး နှစ်ရက်လောက်နေခြောက်ခံရပါတယ်။ ဒါ့အပြင် ပဲပုပ်အစေ့နှပ်ပြီးသားကိုလည်း ရောင်းချလေ့ရှိပါတယ်။ အခြောက်ခံပြီးသား ပဲပုပ်ချပ်များကို တစ်ပိဿာ ကျပ် ၆၀၀၀၊ ပဲပုပ် အစေ့နှပ်ပြီးသားကို တစ်ထုပ် ကျပ် ၅၀၀ နှုန်းနဲ့ ရောင်းချလေ့ရှိပါတယ်"ဟု ဒေါ်အွေ့က ပြောသည်။

အဆိုပါ အဆင့်ဆင့်ပြုလုပ်ခြင်းဖြင့် ရရှိလာသည့် စားသောက်ကုန် ပဲပုပ်ကို အမျိုးအမျိုးချက်ပြုတ်စားသောက်လေ့ရှိကြပြီး ပဲပုပ်ချပ်ကို ကြော်၍သော်လည်းကောင်း၊ မီးဖုတ်၍ အမှုန့်အဖြစ်ထောင်းပြီး ဟင်းရည်များတွင်လည်းကောင်း၊ ငရုတ်သီးထောင်းတွင်လည်းကောင်း စားသုံးလေ့ရှိကြကြောင်း သိရသည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

# အပူရှိန် ပိုတိုးလာသဖြင့် ရော်ဘာခြံများ ရပ်နား

**မြိတ် ဖေဖော်ဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဥယျာဉ်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ငန်းတစ်ခု ဖြစ်သော ရော်ဘာခြံစိုက်ပျိုးလုပ်ကိုင်သူအချို့မှာ နွေရာသီ အပူရှိန်ပို၍တိုးလာသဖြင့် ရော်ဘာအစေးခြစ်ခြင်းလုပ်ငန်းကို ခေတ္တရပ်နားထားကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ရေလုပ်ငန်းနဲ့ ဥယျာဉ်ခြံလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိပါတယ်။ ဥယျာဉ်ခြံရော်ဘာလုပ်ကိုင်သူတွေ အနေနဲ့က တစ်နှစ်ထက်တစ်နှစ် အပူရှိန်ပိုတိုးလာတယ်။ ရော်ဘာခြစ်တာက အေးတဲ့အချိန်ခြစ်မှ အစေးပိုထွက်တယ်။ ပူလာလေလေ အစေးထွက်နည်းလေလေပဲ၊ ဒါကြောင့် ခြံပိုင်ရှင်တွေက ယခုလိုနွေရာသီမှာ အစေးအရနည်းလို့ ခြံခဏပိတ်တယ်။ အခုလို စားသောက်ကုန်ဈေးနှုန်းကြီးနေတဲ့အချိန်မှ အလုပ်မရှိတော့ အရင်နှစ်တွေထက်တော့ ပိုခက်ခဲပါတယ်" ဟု မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာရှိ ရော်ဘာခြံတွင် ရော်ဘာစေးခြစ်အလုပ်သမားတစ်ဦးက ပြောသည်။

ထိုသို့ ရော်ဘာခြံများ ခဏရပ်နားလိုက်သဖြင့် ရော်ဘာခြစ်လုပ်သားများ အလုပ်အကိုင်အခက်ခဲအချို့ ကြုံတွေ့နေသဖြင့် စားဝတ်နေရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အခြားအလုပ်ရှာရန်လည်းအခက်အခဲများရှိနေသဖြင့် ရော်ဘာခြံအမြန်ဆုံးပြန်ဖွင့်မည့်ရက်ကို မျှော်လင့်နေရကြောင်း ရော်ဘာစေးခြစ်လုပ်သားအချို့ထံမှ သိရသည်။

မြိတ်မြို့နယ်တွင် ရွှေဒူး၊ သာရမဲ၊ အင်္ဂမော်၊ နန်းတော်ရာ၊ သဘွတ်၊ ပင်းအို စသည့်ကျေးရွာတို့တွင် နေထိုင်ကြသည့်ကျေးရွာသူ ကျေးရွာသားအများစုသည် ဥယျာဉ်ခြံနှင့် ရော်ဘာလုပ်ငန်များကို အဓိကလုပ်ကိုင်သူများဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားအနည်းစုမှာ ရော်ဘာခြံငယ်များ ပိုင်ဆိုင်ကြပြီး အများစုမှာ ရော်ဘာခြံများတွင် မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

■



# ရေနံချောင်းမြို့နယ်၌ သိုးမွေးမြူရေးကို လုပ်ကိုင်လျက်ရှိကာ ဝင်ငွေရ

**ရေနံချောင်း ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် သိုးမွေးမြူရေးလုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း ဒေသခံမွေးမြူရေးလုပ်ကိုင်သူများထံမှ သိရသည်။

"သိုးမွေးမြူရေးကို တစ်ပိုင်တစ်နိုင်အဖြစ်မွေးမြူကြပါတယ်။ တစ်ရွာလုံးမှာ သိုးကောင်ရေ ၅၀၀ နီးပါးရှိတယ်။ အခြားကျေးရွာတွေမှာလည်း တောင်သူလုပ်ငန်းအကြား မွေးမြူရေးလုပ်ငန်းဖြစ်တဲ့ သိုးကိုလည်း မွေးမြူကြတယ်။ ငါးလအရွယ် သိုးတစ်ကောင်လျှင် ကျပ် ၁၂၀၀၀၀ ရောင်းရတယ်၊ သိုးမွေးမြူရေးလုပ်ကိုင်ရာတွင် လွတ်ကျောင်းစနစ်ဖြင့် မွေးမြူသည့်အပြင် ဖြည့်စွက်စာအဖြစ် ပဲဖတ်၊ ဖွဲဖတ်များကို ကျွေးမွေးကြတယ်။ သိုးတစ်ကောင်ကို တစ်နှစ်လျှင် သားတစ်ကြိမ်ပေါက်ပြီး တစ်ကောင်ကနေ နှစ်ကောင်ပေါက်ဖွားတယ်" ဟု ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စုမှ ဦးသန်းထိုက်က ပြောသည်။

အညာမြေရာသီဥတုအရ ဆိတ်သည် နေပူကို မကြောက်ဘဲ မိုးရွာခြင်း၊ ရာသီဥတုအေးခြင်းကို ကြောက်ကြကြောင်း၊ သိုးသည် နေပူကိုကြောက်ပြီး မိုးရွာလျှင် မိုးရွာထဲတွင် အစာစားကြောင်း သိရသည်။

ဒေသခံများသည် စိုက်ပျိုးရေးနှင့်တွဲဖက်၍လည်းကောင်း အချို့မွေးမြူရေးကို သီးသန့်လုပ်ကိုင်ကြခြင်းဖြင့်လည်းကောင်း ဝင်ငွေရရှိနေကြသည်။ **ဆန်းညွန့် (ရေနံချောင်း)**

ကမ္ဘာ့

အပူချိန်

လျှော့ချဖို့

အိုဇုန်းလွှာ

ကာကွယ်မှုနဲ့အတူ

ဆက်လက်

ဆောင်ရွက်စို့

သင့်

သွေးဖြင့်

အသက်

ကယ်ပါ

## မူပိုင်ခွင့်ဆိုင်ရာ ခွင့်ပြုချက်တောင်းခံခြင်း

၁။ [illegible]

၂။ [illegible]

၃။ [illegible]

[illegible]

| စဉ် | သီချင်းအမည် | [illegible] | [illegible] |
|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] |
| ၂ | [illegible] | [illegible] | [illegible] |
| ၃ | [illegible] | [illegible] | [illegible] |
| ၄ | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | [illegible] |
| ၆ | [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] |
| ၈ | [illegible] | [illegible] | [illegible] |
| ၉ | [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | [illegible] | [illegible] |
| ၁၂ | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] |
| ၁၄ | [illegible] | [illegible] | [illegible] |
| ၁၅ | [illegible] | [illegible] | [illegible] |
| ၁၆ | [illegible] | [illegible] | [illegible] |
| ၁၇ | [illegible] | [illegible] | [illegible] |
| ၁၈ | [illegible] | [illegible] | [illegible] |
| ၁၉ | [illegible] | [illegible] | [illegible] |
| ၂၀ | [illegible] | [illegible] | [illegible] |
| ၂၁ | [illegible] | [illegible] | [illegible] |
| ၂၂ | [illegible] | [illegible] | [illegible] |
| ၂၃ | [illegible] | ဝင်းဦး(မြန်မာ့အသံ) | မြန်မာ့အသံအဖွဲ့ |

## ဆွေခိုင်ဆုတံဆိပ်ဆု ရွေးချယ်ပြီးကြောင်းကြေညာချက်

(၁) သဉ္ဇာရောင်စဉ်နှင့် လူမှုကမ္ဘာတို့ပေါင်းစပ်ဖွဲ့စည်းခြင်းပုံရိပ် သဉ္ဇာစာပေပြိုင်ပွဲ ဆွေခိုင်ဆု တံဆိပ်ဆု ကို ၂၀၂၀ ခုနှစ်အတွက် **"လူမှုကမ္ဘာထဲက ပျောက်ကွယ်နေသော ကိန်းဂဏန်းများ"** ဆောင်းပါးရှင် **"ဟန်ထွန်းခိုင်"**အား ချီးမြှင့်နိုင်ရန် ရွေးချယ်လိုက်သည်။


(၂) ဂုဏ်ပြုဆုများအဖြစ် **"လူမှုဘဝထဲကအသုံးချသဉ္ဇာ"** ဆောင်းပါးရေးသားသူ **"ဇင်မာလွင်"**၊ **"ဖရက်တယ်ဝိရောဓိမှသည် သုံးညဆီသို့"** ဆောင်းပါးရေးသားသူ **"ခင်နှင်းနှင်းသိန်း"**၊ **"သဉ္ဇာရယ်၊ မှတ်ဉာဏ်တုရယ်၊ Facebook ရယ်"** ဆောင်းပါးရေးသားသူ **"ဒေါက်တာ နှင်းနှင်းကြည်"**၊ **"သဉ္ဇာဘာသာ စကား"** ဆောင်းပါးရေးသားသူ **"ဒေါက်တာအေးပြုံး"** တို့လေးဦးအား ချီးမြှင့်နိုင်ရန် ရွေးချယ်လိုက်သည်။

(၃) ဆွေခိုင်သုတေသနဆု ရရှိသူမရှိပါ။

(၄) ဆုချီးမြှင့်ပွဲအခမ်းအနားကို သတ်မှတ်ရက် ၁၂-၂-၂၀၂၁ ၌ ကျင်းပနိုင်ခြင်း မရှိပါသဖြင့် အခမ်းအနားကျင်းပမည့်နေ့ရက်ကို တစ်ဦးချင်းစီထံ ဆက်သွယ်အကြောင်းကြားပါမည်။

ဆွေခိုင်ဆုတံဆိပ်ဆုရွေးချယ်ရေးအဖွဲ့နှင့်
ဆွေခိုင်သုတေသနဆုရွေးချယ်ရေးအဖွဲ့
၁၂ ဖေဖော်ဝါရီ ၂၀၂၁













## ဝမ်းနည်းကြေကွဲခြင်း

### ဦးတဲရင့်စိစမ့်ခိုင်းနီခွဲ

**ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**

**အသက်(၆၅)နှစ်**

ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတဲရင့်စိစမ့်ခိုင်းနီခွဲသည် ၁၁-၂-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်းမယ်တော်ကြီး**

### ဒေါ်ကောင်းမယ်(မုံရွာ) (၉၇)နှစ်

သူငယ်ချင်း ဒေါက်တာသန်းဝင်း(ကောင်း Vet-Clinic)၏ချစ်လှစွာသော မိခင်ဖြစ်သူ ဒေါ်ကောင်းမယ်၊ အသက်(၉၇)နှစ်သည် ၉-၂-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၉၁ batch. B.V.S မှ**
**အတန်းဖော်ချစ်သူငယ်ချင်းများ**




**သွေးသည် အသက်**




## ဦးမြမောင်

**အသက်(၉၇)နှစ်**

ဒေါက်တာရီရီမြင့်(ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး၊ ကုသရေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် ဒေါက်တာညွန့်ညွန့်ဝေ (ဆေးရုံအုပ်ကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး)တို့၏ ဖခင် ဦးမြမောင်သည် ၉-၂-၂၀၂၁ ရက် နံနက် ၈:၄၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲမှုများဖြစ်ရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ဘုရား၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ၊ ရေတွင်း၊ ရေကန်၊ အင်္ဂါ/သောကြာပတ် ဆွမ်းရာသက်ပန် ဒါယိကာမကြီး**

### ဒေါ်ညွန့်ညွန့်စိန်

**ဟိုတယ်ခရီး/စားဖျော်(ငြိမ်း)**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၅၉၁)၊ စံပါယ် (၃)လမ်းနေ (ဦးစံတင်-ဒေါ်မြမြ)တို့၏ သမီးကြီး၊ (ဦးစိန်အုပ်-ဒေါ်ရီ)တို့၏ သမီးချွေးမကြီး၊ ဦးမြင့်ဦး(စီးပွား/ကူးသန်း-ငြိမ်း)၏ဇနီး၊ ဦးအောင်မျိုးဦး-ဒေါ်အေးမြတ်မြတ်မိုး၊ ဦးအောင်မျိုးညွန့်-ဒေါ်မေချိုသက် (အထက-၁၊ မ/ဥက္ကလာ)၏ မိခင်ကြီး၊ မအိမ့်ကြည်ဖြူအောင်၊ မမေဇင်ဖူးဝေ၊ မမိုးမြင့်ဘုံအောင်၊ မသန့်လင်းလက်နွေးတို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ညွန့်ညွန့်စိန်သည် ၁၀-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါဖြင့် ၁၁-၂-၂၀၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကို အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးတင်စိုး (မြိတ်)

**ညွှန်ကြားရေးမှူး (ငြိမ်း) စက္ကူ၊ ဓာတု**

**အသက် (၉၀) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ခြံအမှတ်(၁၃၄/စီ) နေ (ဦးတင်ကီ-ဒေါ်မြထူး)တို့၏သား၊ (Dr.ဦးချန်တိတ်-ဒေါ်ခင်ဖွား)တို့၏ သားသမက်၊ (Dr.ဒေါ်မြနွယ်)၏ ခင်ပွန်း၊ Dr. ဦးဇော်ဝင်း (Chairman, Headway Co., Ltd- Perfect Authoring Co., Director Suresuccess-GPE Ltd)-Dr. ဒေါ်နွယ်သိင်္ဂီ၊ (ဦးစိုးဝင်း)၊ ဦးစိုးလင်း-Dr.မိုးမြတ်အေး (အထူးကုဆရာဝန်ကြီး၊ Micro, NHL)၊ Dr.ဦးကျော်စိုး (တွဲဖက်ပါမောက္ခ၊ မျက်စိအထူးကုဆရာဝန်ကြီး EYGH)၊ ဦးနိုင်စိုး၊ ဦးစံထွန်းအောင်-ဒေါ်မြမာလာ(UNICEF)တို့၏ ဖခင်၊ Dr.ယုသက်နွယ် (ပန်းလှိုင်ဆေးရုံ)၊ မစုသက်နွယ်-မောင်အောင်မျိုးသူ၊ မောင်ဇော်ရဲနိုင်၊ မောင်အောင်စံမြတ်၊ မမြဖူးပွင့်သစ်၊ မောင်သူရစိုး၊ မောင်ကျော်ဇင်လင်းတို့၏အဘိုး ဦးတင်စိုးသည် ၁၁-၂-၂၀၂၁ ရက် နံနက် ၁ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**
















# ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုဗစ်စည်းကမ်းချက်နှင့်အညီ တစ်ရက်လူဦးရေ ၃၀၀၀ ဖူးမြော်ခွင့်ပြု



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးထိန်းချုပ်ကာလအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား အများပြည်သူဖူးမြော်ခွင့်ကို ၁၀ လကြာ ပိတ်ထားခဲ့ပြီး ယခုအခါတွင် ကိုဗစ်ရောဂါပိုးတွေ့နှုန်း ပြည်တွင်း၌ သိသိသာသာကျဆင်းလာမှုကြောင့် စေတီတော်ကြီးကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းမှစတင်ကာ ပြည်သူလူထုများ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ တစ်ရက်လျှင် လူဦးရေ ၃၀၀၀ ဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ဖူးမြော်ကြည်ညိုနိုင်**

"အားလုံးသိတဲ့အတိုင်းပါပဲ မြန်မာပြည်မှာ ကိုဗစ်ဖြစ်ပွားပြီးနောက် စေတီတော်ကြီးကို ၁၀ လတာပိတ်ထားခဲ့တာပါ။ အခုအခါမှာ ကိုဗစ်ရောဂါတွေ့ရှိမှုကလည်း သိသိသာသာကျဆင်းလာတဲ့အတွက် ရွှေတိဂုံစေတော်ကြီးကို အားလုံးမျှော်လင့်နေတဲ့အတိုင်း ဒီနေ့ စတင်ဖွင့်လှစ်ပေးလိုက်ပါပြီ။ စေတီတော်ကြီးက ပုံမှန်ရက်မှာတောင် ဘုရားဖူးလာသူက တစ်ရက်ကို သောင်းချီရှိတယ်။ ဒါကြောင့် သီးသန့်ဦးစားပေးအနေနဲ့ စဖွင့်တဲ့ဒီနေ့မှာ ရဟန်းသံဃာနဲ့ သီလရှင်တွေအပြင် မကျန်းမာသူတွေနဲ့ မသန်စွမ်းတွေအတွက်လည်း သီးသန့်တစ်ရက် ဖူးမြော်ခွင့်ပေးထားပြီး သီးသန့်ဖူးခွင့်ပေးထားပါတယ်။ ဒီနေ့ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက စတင်ပြီးမှာတော့ အများပြည်သူတွေ ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ ဖူးမြော်ကြည်ညိုနိုင်ကြပြီဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ရွှေနှင့်ရတနာဌာနမှ တာဝန်ခံဂေါပက ဦးအေးထွန်းက ပြောသည်။

စေတီတော်ကြီးကို တက်ရောက်ဖူးမြော်ရန် တစ်နေ့တာအတွင်း နံနက်ပိုင်းတွင် ၆ နာရီမှ ၇ နာရီ၊ ၈ နာရီမှ ၉ နာရီ၊ ၁၀ နာရီမှ ၁၁ နာရီအထိ သုံးကြိမ်၊ မွန်းလွဲပိုင်းတွင် ၁ နာရီမှ ၂ နာရီ၊ ၃ နာရီမှ ၄ နာရီ၊ ၅ နာရီ မှ ၆ နာရီအထိ သုံးကြိမ် စုစုပေါင်း ခြောက်ကြိမ် တစ်ကြိမ်လျှင် ၅၀၀ ဖြင့် တစ်ရက်လျှင် ဘုရားဖူးလူဦးရေ ၃၀၀၀ သတ်မှတ်ထားပြီးကြောင်း သိရသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

## ပြည်သူများသို့ အသိပေးကြေညာခြင်း

(၁၁-၂-၂၀၂၁)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ရွေးကောက်ပွဲကာလတွင် မဲစာရင်းကောက်ယူပြုစုခြင်း၊ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင်မဲပေးခြင်း စသည့် ရွေးကောက်ပွဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများရှိကြောင်း ကြားသိရပါသည်။

၃။ အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စစ်ဆေးလျက်ရှိပါသည်။

၄။ စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရန် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှု၊ မသမာမှုများကို သိရှိသည့် ပြည်သူများမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားနိုင်ပါကြောင်းနှင့် စာဖြင့်လည်းကောင်း၊ အောက်ပါတယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် Email လိပ်စာများသို့ လည်းကောင်း ဆက်သွယ်ပေးပို့တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၄၁၀ |
| (ခ) | တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၂၂၀ |
| (ဂ) | တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၃၁၃ |
| (ဃ) | ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၄၁၁ |
| (င) | Email လိပ်စာ | - | dep.research@e-uec.gov.mm |
| (စ) | Email လိပ်စာ | - | dep.res22uec@gmail.com |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈ (က) အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၄) ပုဒ်မ ၆ အရ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်-

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့် ရသူ၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် (ရွေးကောက်ပွဲကျင်းပခြင်းမပြုလုပ်နိုင်သည့်ဒေသများမှအပ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ ဦးရှိကြောင်း ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သော်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ စာရင်းမှာ ၃၂,၂၁၁,၁၈၈ ဦးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှရရှိသည့် လူဦးရေစာရင်းများ၊ မြေပြင်အခြေနေများနှင့် တိုက်ဆိုင်၍ မဲစာရင်းကွာဟမှုများကို စိစစ်လျက်ရှိသည်။ စိစစ်ပြီးသည့် နယ်မြေဒေသများ၏ စိစစ်တွေ့ရှိချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ဓာတ်ပုံ-MOTC

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအတွက် COVID-19 ကာကွယ်ဆေးများရောက်ရှိမှုနှင့် လက်ခံမှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ Serum Institute of India (SII) နှင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD/ AstraZeneca ကာကွယ်ဆေးအရေအတွက် နှစ်သန်းကို ယနေ့ မွန်းလွဲပိုင်းတွင် နယူးဒေလီ-ရန်ကုန် ပြေးဆွဲသည့် အိန္ဒိယလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါကာကွယ်ဆေးများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူတို့ ဦးဆောင်သောအဖွဲ့က သွားရောက်လက်ခံခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စီစဉ်ထားသည့်အတိုင်း ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူလူထုအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


ကြေးမုံ

၂၀၂၁ ခုနှစ်၊
(၇၄)နှစ်မြောက်

# ပြည်ထောင်စုနေ့ အထူးထုတ်

ဖေဖော်ဝါရီ ၁၂ ရက် ၂၀၂၁ ခုနှစ် (သောကြာနေ့)







## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)

# (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

# စည်းလုံးညီညွတ်ခြင်း

ခင်ဆန်းဦး (မြန်မာစာ)

"သမဂ္ဂါနံ တပေါ သုခေါ" "ညီညွတ်ခြင်းသည် ချမ်းသာကြောင်း အကျင့်ကောင်းဖြစ်သည်။" ဟူသော "ဓမ္မပဒ ဗုဒ္ဓဝဂ်လာ" မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတော်အရ လောက၌ ညီညွတ်ခြင်းသည် အရေးကြီးကြောင်း ထင်ရှားလှပေသည်။

ဤလောက၌ စုစည်းစွာ ပေါက်ရောက်နေသော သစ်ပင်၊ သစ်တောတို့သည် တစ်ပင်နှင့်တစ်ပင် ယှက်သန်းနေသဖြင့် လေပြင်းမုန်တိုင်းတို့၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိကြ၏။ တစ်ပင်နှင့်တစ်ပင်သည် အပြန်အလှန် အမှီသဟဲပြုနေကြ၏။ တစ်ပင်၏အကျိုးကို တစ်ပင်က သယ်ပိုးနေကြ၏။ လေပြင်းမုန်တိုင်းတို့ မည်မျှတိုက်ခတ်စေကာမူ အစုအဖွဲ့နှင့်ရှိသော သစ်ပင်သစ်တောတို့ကို ပျက်စီးအောင် မစွမ်းဆောင်နိုင်ကြပေ။ ဤကား စည်းလုံးခြင်း၏ အကျိုးပင်ဖြစ်သည်။

စည်းလုံးညီညွတ်မှုရှိလျှင် မည်သည့်ဘေးအန္တရာယ်ဟူသမျှ မကျရောက်နိုင်ကြောင်း၊ စည်းလုံးညီညွတ်မှုမရှိက ပျက်စီးနိုင်ကြောင်း ငါးရာ့ငါးဆယ် ဇာတ်တော်လာ "ရုက္ခဓမ္မ" ဇာတ်တော်၌ "ညီညွတ်သည်ရှိသော် သစ်ပင်ကိုသော်လည်း သူမညှဉ်းဆဲနိုင်" ဟူ၍ ဆိုထားပေသည်။ ဘုရားလောင်းသည် ဟိမဝန္တာအရပ် အင်ကြင်းတော၌ ရုက္ခစိုးနတ်ဖြစ်လေ၏။ ဘုရားလောင်းသည် ဆွေမျိုးတို့ကို သင်တို့ ဗိမာန်ယူသည်ရှိသော် လွင်ပြင်၌ရှိနေသော သစ်ပင်တို့၌ မယူကြလင့်။ ဤအင်ကြင်းတောရှိ ငါယူသောဗိမာန်ကို ခြံရံလျက်ယူကြဟုဆို၏။ ဘုရားလောင်းစကားကို နားထောင်သော ပညာရှိနတ်တို့သည် ဘုရားလောင်းဗိမာန်ကို ခြံရံလျက် ဗိမာန်ယူကြ၏။ ပညာမရှိသော နတ်တို့သည်ကား တောဗိမာန်၌နေလျှင် အကျိုးမရှိ၊ မြို့အနီး မင်းနေပြည်တော်တံခါးအနီး၌နေသော် လာဘ်လာဘပေါများအံ့ဟူ၍ အကြံရှိကြပြီး မြို့အနီးလွင်ပြင်အရပ်ရှိ သစ်ပင်ကြီး၌ ဗိမာန်ယူကြ၏။ တစ်နေ့သ၌ ကြီးစွာသော လေပြင်းမုန်တိုင်းတိုက်ခတ်သော လွင်ပြင်အရပ်ရှိသစ်ပင်ကြီးမှာ အမြစ်နှင့်တကွ ပြိုလဲသွားလေသည်။ အင်ကြင်းတောရှိ သစ်ပင်တို့ကား အခက်အလက်ချင်း ယှက်သန်းအုပ်ဆိုင်းနေခြင်း၊ အပင်များထူထပ်နေခြင်းတို့ကြောင့် လေမုန်တိုင်းမတိုးနိုင်၍ ချမ်းသာစွာနေကြရ၏။

မြို့တံခါးအနီးလွင်ပြင်ကြီးရှိ သစ်ပင်ကြီးကား ပြိုလဲသွားသဖြင့် ရုက္ခစိုးနတ်တို့သည် ကိုးကွယ်ရာမရှိဖြစ်ကြသဖြင့် နတ်သူငယ်တို့ကို လက်ဆွဲကာ အင်ကြင်းတောသို့ ပြေးလာကြကုန်၏။ အထောက်အပံ့မရှိသော၊ စုစည်းမှုမရှိသောအရပ်သည် အန္တရာယ်ရှိကြောင်း၊ စည်းလုံးညီညွတ်သောအရပ်သည် ဘေးအန္တရာယ်လွတ်ကင်းကြောင်း ဘုရားလောင်း ရုက္ခစိုးနတ်ကဆုံးမတော်မူသည်။ ဤသာဓကကိုကြည့်ခြင်းအားဖြင့် စည်းလုံးညီညွတ်ခြင်းသည် ဘေးရန်ကင်းကြောင်း၊ အန္တရာယ်ကျရောက်လာလျှင်လည်း လွတ်ငြိမ်းချမ်းသာရနိုင်ကြောင်း သတိပြုနိုင်ပေသည်။

ဤလောက၌ စုစည်းစွာ ပေါက်ရောက်နေသော သစ်ပင်၊ သစ်တောတို့သည် တစ်ပင်နှင့်တစ်ပင် ယှက်သန်းနေသဖြင့် လေပြင်းမုန်တိုင်းတို့၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိကြ၏။ တစ်ပင်နှင့်တစ်ပင်သည် အပြန်အလှန် အမှီသဟဲပြုနေကြ၏။ တစ်ပင်၏အကျိုးကို တစ်ပင်က သယ်ပိုးနေကြ၏။ လေပြင်းမုန်တိုင်းတို့ မည်မျှတိုက်ခတ်စေကာမူ အစုအဖွဲ့နှင့်ရှိသော သစ်ပင်သစ်တောတို့ကို ပျက်စီးအောင် မစွမ်းဆောင်နိုင်ကြပေ။ ဤကား စည်းလုံးခြင်း၏ အကျိုးပင်ဖြစ်

"သမ္မောဒမာန" ဇာတ်တော်၌လည်း ဘုရားလောင်း ငုံးဘဝဖြစ်စဉ်အခါက လယ်ကွင်းထဲသို့ ငုံးအပေါင်းခြံရံလျက် အစာရှာထွက်စဉ် မုဆိုးထောင်သောပိုက်အတွင်းသို့ သက်ဆင်းကျရောက်သွားကြရာ ဘုရားလောင်း ငုံးမင်းက ငုံးအပေါင်းအား မကြောက်ကြရန်နှင့် စည်းလုံးညီညွတ်စွာ တစ်ရှိန်ထိုးအဟုန်ပြင်းစွာ ပြိုင်တူညီညာ ပျံတက်သွားကြရန် အချက်ပေးလိုက်သည်။ ငုံးအများ၏စုပေါင်းအားဖြင့် အရှိန်ပြင်းစွာ ကောင်းကင်သို့ ပျံတက်သွားကြရာ ငုံးထောင်ပိုက်နှင့်တကွ ကောင်းကင်သို့ပျံတက်သွားနိုင်ပြီး သစ်ပင်တစ်ပင်အထက်၌ နားလိုက်ကြကာ ပိုက်ကို နှုတ်သီးတို့ဖြင့် ကိုက်ဖြတ်ကြ၍ အသက်ဘေးမှ လွတ်ခဲ့ကြသော သာဓကမှာလည်း ညီညွတ်ခြင်း၏ သက်သေပင်ဖြစ်ပေသည်။ ထို့ကြောင့် စည်းလုံးညီညွတ်မှုရှိလျှင် အသက်ဘေးအန္တရာယ်ပင် လွတ်မြောက်နိုင်စွမ်းရှိကြောင်းနှင့် စည်းလုံးညီညွတ်မှုရှိရန် အရေးကြီးကြောင်း သိနိုင်ပါသည်။

လူတို့သည်လည်း အစုအဖွဲ့နှင့် နေထိုင်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းတို့ကြောင့် မည်သည့်အန္တရာယ်မှ မကျရောက်နိုင်ပေ။ အန္တရာယ်နှင့်ကြုံတွေ့လာလျှင်လည်း စုပေါင်းအားနှင့် ဖြိုခွင်းလိုက်ပါက ချမ်းသာခြင်းသို့ရောက်နိုင်ပေမည်။

ထို "သမ္မောဒမာန" ဇာတ်တော်၌ပင် တစ်နေ့သ၌ ငုံးအချင်းချင်း အချင်းများကြရာမှ ဘုရားလောင်းငုံးမင်းက စည်းလုံးညီညွတ်ကြရန်ဆုံးမသော်လည်း မနာခံကြသဖြင့် ဘုရားလောင်းငုံးမင်းနှင့် ရှင်ဒေဝဒတ်လောင်းငုံးတို့ အုပ်စုကွဲသွားကြကာ ဘုရားလောင်းငုံးအုပ်စုက အခြားဒေသသို့ ထွက်ခွာသွားကြလေသည်။ အကွက်ကို ချောင်းနေသော ငုံးမုဆိုးက ငုံးထောင်ပိုက်ဖြင့်ဖမ်းဆီးလိုက်ရာ ရှင်ဒေဝဒတ်ငုံး အုပ်စုမှာ မည်သို့မျှ မလွတ်နိုင်တော့ဘဲ အသက်ဆုံးရှုံးခြင်းသို့ ရောက်ရလေသည်။ နွားကွဲလျှင် ကျားဆွဲမည်မှာ သဘာဝပင်ဖြစ်ပေသည်။ စည်းလုံးညီညွတ်မှုပျက်ပြားသွားလျှင် ဘေးဒုက္ခနှင့် ကြုံတွေ့ရတတ်ကြောင်း သင်ခန်းစာယူနိုင်ပေသည်။

စုစည်းမှုအင်အားသည် အလွန်အရေးကြီးလှပေသည်။ ထင်းကိုတစ်ချောင်းတည်း ချိုးလျှင် ကျိုးနိုင်သော်လည်း ထင်းစည်းကိုချိုးလျှင်မူ ချိုး၍မရနိုင်ပေ။ ထင်းချောင်းများကို စု၍စည်းထားခြင်းကြောင့် ထင်းများ၏ စုစည်းမှု အင်အားကြီးမားကြောင်း၊ တန်ဖိုးရှိကြောင်း သာဓကပြနေခြင်းဖြစ်ပေသည်။ မြန်မာ့ဆိုးရိုးစကားတွင်လည်း "ရေများရေနိုင်၊ မီးများမီးနိုင်" ဟူသည်မှာ စုစည်းမှု၏ အင်အားတန်ဖိုးကြီးမားကြောင်း၊ စည်းလုံးခြင်းသည် ခွန်အားဖြစ်ကြောင်းပြသနေခြင်း ဖြစ်ပေသည်။

အသင်းအဖွဲ့တိုင်းတွင် စည်းလုံးညီညွတ်မှုသည် အရေးပါကြောင်း လှေပြိုင်ပွဲ သာဓကဖြင့် သိနိုင်ပေသည်။ လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်

အထူးကဏ္ဍ [ ဂ ] သို့ »»




၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

»» အထူးကဏ္ဍ [ ခ ] မှ

လေ့လှော်သားတို့သည် မခိုမကပ်၊ မနားတမ်း လှော်ခပ်ပါမှ၊ စည်းလုံးညီညွတ်မှုရှိပါမှ ပန်းတိုင်သို့ ဦးစွာရောက်ရှိနိုင်ပေမည်။ တစ်ဦးတစ်ယောက်ကောင်းဖြင့် လှော်ခတ်၍မရနိုင်ပေ။ လေ့လှော်သားအားလုံး ညီညွတ်မှ တက်လည်းညီ၊ လက်လည်းညီ ကြိုးစားအားထုတ်မှုညီနေမှ ပန်းတိုင်သို့ ဦးစွာရောက်နိုင်ပေမည်။ ထို့ကြောင့် အရာရာတိုင်းတွင် စည်းလုံးညီညွတ်ခြင်းသည် အလွန်အရေးပါလှပေသည်။ ညီညာမှ ပြည်သာယာပေမည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းတစ်ခေတ်က ငြိမ်းချမ်းသာယာဝပြောသော အမိနိုင်ငံတော်ကို ကျူးကျော်လိုသူနယ်ချဲ့တို့က စစ်ပွဲသုံးကြိမ်ဆင်နွှဲ၍ မတရားသိမ်းပိုက်ခဲ့ဖူးသည်။ နယ်ချဲ့နှင့် ဖက်ဆစ်တို့၏ ဖိနှိပ်ချုပ်ချယ်ခြင်းခံခဲ့ရသော ဘဝအတွေ့အကြုံများကို ပြည်သူတို့သည် ခါးသီးစွာခံစားခဲ့ကြရသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်တို့ဖြင့် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာ တွန်းလှန်နိုင်ခဲ့ခြင်းကြောင့် နယ်ချဲ့တို့ မြန်မာ့မြေမှ ဆုတ်ခွာသွားခဲ့ကြသည်မှာ မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်း အင်အားကြောင့်သာဖြစ်ပေသည်။



ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ် ရှမ်းပြည်နယ်ခရီးစဉ်တွင် ညောင်ရွှေဟော်၌ စော်ဘွားများနှင့် တွေ့ဆုံစဉ်။

မြန်မာ့သမိုင်းတွင်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခဲ့သဖြင့် အနော်ရထာမင်းလက်ထက်၌ ပထမမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ ဘုရင့်နောင်မင်းတရားကြီးလက်ထက်၌ ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ အလောင်းမင်းတရားကြီးလက်ထက်၌ တတိယမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း တည်ဆောက်နိုင်ခဲ့သည်မှာ စည်းလုံးညီညွတ်ခြင်း၏ သက်သေပင်ဖြစ်ပေသည်။

စည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်တည်ဆောက်ရေး၌ အလွန်အရေးပါလှပေသည်။ ပုဂံခေတ် အနော်ရထားမင်းကြီး၏ ဦးဆောင်ဦးရွက်ပြုမှု၊ ကျန်စစ်သားမင်းကြီး၏ စည်းလုံးညီညွတ်မှု စွမ်းရည်တို့ကြောင့် ပုဂံသူ၊ ပုဂံသားများအပါအဝင် ပုဂံပြည်၌ရှိနေကြသော မွန်လူမျိုး၊ ပျူလူမျိုးတို့၏ စည်းလုံးညီညွတ်မှုသက်သေ "ရှေးဟောင်းယဉ်ကျေးမှု နယ်မြေပုဂံပြည်"ဟူ၍ ထင်ရှားကျော်ကြားလျက် ရှိနေပေသည်။ စေတီပုထိုးများ၊ ယဉ်ကျေးမှုအနုပညာအမွေအနှစ်လက်ရာများ၊ ဘာသာသာသနာ အဆောက်အအုံများ ပေါ်ထွက်လာခြင်းမှာ ပုဂံသားတို့၏ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်များသည် သမိုင်းအစ ရှေးပဝေသဏီကပင် ပြည်ထောင်စုကြီးအနှံ့ နေရာဒေသအသီးသီး၌ ရောနှောနေထိုင်လာခဲ့ကြပေသည်။ တစ်မြေတည်းနေ တစ်ရေတည်း သောက်၍ အတူတကွ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင်ဖြစ်ပေသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့သည် သမိုင်းစဉ်တစ်လျှောက် ဥမကွဲ သိုက်မပျက်နေထိုင်လာခဲ့ကြပြီး ကောင်းတူဆိုးဖက် အေးအတူပူအမျှ အတူတကွခံစားလာခဲ့ကြပေသည်။ ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာ ပိုင်ဆိုင်လာခဲ့သော နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ရပ်တည်လာခဲ့ကြပေသည်။ ဤအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ စည်းလုံးညီညွတ်ရေးစွမ်းအားသာ အဓိကဖြစ်ပေသည်။

မြေအိုးသည် မြေကြီးဖြင့်ပြုလုပ်ရ၏။ ယင်းမြေကြီးသည်ကား နွံ့မြေဖြစ်သည်။ နွံ့မြေကို စည်းအောင် ရေနှင့်နာနာနယ်မှ လုံး၍ ရနိုင်ပေသည်။ နွံ့စည်းလုံးကို နာနာ ထုထောင်းရိုက်ပုတ်ပြီး စည်းပိုင်နေမှသာ လိုရာပုံသွင်း၍ အိုးပြုလုပ်နိုင်ပေသည်။ နွံ့မြေသည် မစည်းပါက လုံး၍မရပေ။ စည်းမှသာလုံး၍ ရပေသည်။ စည်းလုံးမှသာ အက်ကွဲခြင်း၊ ကွဲပြားခြင်းမရှိဘဲ အိုးကောင်းထွက်လာနိုင်ပေသည်။ ထို့အတူပင် အရာရာသည် စည်းလုံးမှ ခိုင်မြဲပေမည်။ မစည်းလုံးလျှင်မခိုင်မြဲပေ။ မညီညွတ်လျှင် မည်သည့်ကိစ္စမျှ မအောင်မြင်နိုင်တော့ပေ။ ကုန်းဘောင်ခေတ်နှောင်းကာလတွင် စည်းလုံးညီညွတ်မှု အားနည်းခဲ့ခြင်းကြောင့် နယ်ချဲ့တို့၏ မတရားသိမ်းပိုက်မှုခံရပြီး မြန်မာ့လွတ်လပ်ရေးဆုံးရှုံးကာ ထီးသုဉ်း၊ နန်းသုဉ်းဘဝသို့ ရောက်ခဲ့ရသည်မှာသမိုင်းက သက်သေပြလျက်ရှိနေပေသည်။

နိုင်ငံတစ်နိုင်ငံ၏တိုးတက်ဖွံ့ဖြိုးရေးသည် နိုင်ငံသားများ၏ စည်းလုံးညီညွတ်ရေးအပေါ် များစွာ တည်မှီနေပါသည်။ စည်းလုံးညီညွတ်မှုမရှိခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရပြီး ထိုဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအင်အားကို ပြန်လည်တည်ဆောက်ကြိုးပမ်းခဲ့ကြရသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို အရင်းခံ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများကို သက်စွန့်ကြိုးပမ်းတိုက်ပွဲဝင်ကာ အရယူခဲ့ရခြင်းဖြစ်ပေသည်။ ယခုရရှိထားပြီးသော

အထူးကဏ္ဍ [ ဃ ] သို့ »»

**ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်များသည် သမိုင်းအစ ရှေးပဝေသဏီကပင် ပြည်ထောင်စုကြီးအနှံ့ နေရာဒေသအသီးသီး၌ ရောနှောနေထိုင်လာခဲ့ကြပေသည်။ တစ်မြေတည်းနေ တစ်ရေတည်း သောက်၍ အတူတကွ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင်ဖြစ်**




၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက်က ရှမ်းပြည်နယ် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ကွင်း၌ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပစဉ်။

»» အထူးကဏ္ဍ [ ၈ ] မှ

လွတ်လပ်ရေးသည် လွယ်လွယ်ကူကူရထားခြင်းမဟုတ်ပေ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စွမ်းအားကြောင့်ဖြစ်ကြောင်း ပင်လုံမြေက သက်သေပြလျက်ရှိနေပေသည်။

ယနေ့နိုင်ငံတော်သစ်ကို လျှောက်လှမ်းရာတွင် ကမ္ဘာ့နိုင်ငံများနှင့်အမီ ရင်ပေါင်တန်းလိုက်နိုင်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးလှပေသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်သာယာလှပရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အေးချမ်းသာယာရေးအတွက် ဖန်တီးပေးနိုင်သူများမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးပင် ဖြစ်ပေသည်။ စည်းလုံးညီညွတ်သော တိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်သည် အဓိကကျလှပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်ပင် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်ကိန်းအောင်းနေရန် ပြည်ထောင်စုအတွင်းမှာရှိသော တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရန်၊ ချစ်ခင်ရင်းနှီးကြရန် တစ်ဦးအကျိုးတစ်ဦးလိုလားကြရန်၊ အခက်အခဲများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးကြရန်လိုအပ်ပါသည်။

တိုင်းရင်းသားလူမျိုးတို့သည် နေထိုင်ရာဒေသ၊ ပြောဆိုကြသောဘာသာစကား ကွဲပြားကြသော်လည်း ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးကြသောစိတ်ဓာတ်မှာ တညီတညွတ်တည်းရှိကြပါသည်။ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည့်အချိန်ကစပြီး တိုင်းရင်းသားအားလုံး၏ စိတ်ထဲမှာ ပြည်ထောင်စုကိုချစ်မြတ်နိုးကြသည့် ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းနေကြမည်မှာ မလွဲကေန်ဖြစ်သည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရင်ထဲတွင် ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်ကိန်းအောင်းနေပါက မည်သည့်အခက်အခဲမဆို အောင်မြင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း မျက်မှောက်ခေတ် "ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြီး"နှင့် ရင်ဆိုင်တွေ့ကြုံရပုံကိုကြည့်လျှင် သိနိုင်ပေသည်။ တရုတ်နိုင်ငံ "ဝူဟန်" မြို့မှ စတင်ဖြစ်ပေါ်လာခဲ့သည့် ကိုဗစ်ကူးစက်ရောဂါသည် ကမ္ဘာအနှံ့သို့ကူးစက်ပြန့်ပွားကာ မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် မတ်လက ကူးစက်ရောက်ရှိလာပါသည်။ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစီမံချက်များ ရေးဆွဲကာ အစိုးရနှင့်ပြည်သူ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။


မိမိအတွက် အသက်အန္တရာယ်ရှိမှန်းသိကြသော်လည်း အများအကျိုး၊ တိုင်းပြည်အကျိုးအတွက် မိမိအသက်ကို မငဲ့ကွက်ဘဲ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန် ဆရာမများ၊ သူနာပြုများ၊ ပရဟိတလုပ်အားပေးများ၊ စေတနာရှင် အလှူရှင်များစွာတို့က စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပါသည်။ ရဟန်းသံဃာတော်၊ ဆရာတော်ကြီးများကလည်း ပရိတ်တရားတော်များ ရွတ်ဖတ်ပေးခြင်း၊ ပရိတ်ရေများ ပက်ဖျန်းပေးခြင်း၊ မြေပြင်ပေါ်တင်သာမက ဝေဟင်ပေါ်မှလည်း လေယာဉ်ဖြင့် လှည့်လည်ရွတ်ဖတ်ပေးခြင်း၊ မေတ္တာပို့ခြင်းစသည့်အရံအတားများဖြင့် စောင့်ရှောက်ပေးကြပါသည်။ မိမိနိုင်ငံအတွက် ကမ္ဘာ့ကပ်ရောဂါဘေးဆိုးကြီးမှ လွတ်မြောက်အောင် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြသဖြင့် ဆိုးရွားသည့်အခြေအနေသို့ မရောက်ခဲ့ပါချေ။ စေတနာ၊ မေတ္တာထားကာ စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပါက အရာရာကို အောင်မြင်နိုင်ကြောင်း လက်တွေ့ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။

ပြည်ထောင်စုကြီး တည်ရှိနေသရွေ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်မှာ ထာဝရခိုင်မြဲနေမည်ဖြစ်ပါသတည်း။ ။



၁၉၄၇ ခုနှစ် ဇန်နဝါရီလက အင်္ဂလန်နိုင်ငံသို့ သွားရောက်ရန် အိန္ဒိယနိုင်ငံသို့ရောက်ရှိလာသော ဗိုလ်ချုပ်အောင်ဆန်းအား နယူးဒေလီမြို့ သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။





# တို့ပြည်ထောင်စုအလှ

* တို့ပြည်ထောင်စု ဂုဏ်ပြုစံတင်
စည်းလုံးမှုအား ထင်ရှားခဲ့သမိုင်းစဉ်
နယ်ချဲ့ကိုနှင် ဆန့်ကျင်ဖြိုခွင်း
သူ့ကျွန်မခံ တို့တွန်းလှန်
မကျန်သုတ်သင် ရှင်းသည်တည့်လေး။

* သုံးကြိမ်ချင်းနင်း ပြည်တွင်းကျူးကျော်
နယ်ချဲ့ဆိုးယုတ် မောင်းထုတ်ပြုတို့မြေပေါ်
"မြန်မာဟော့နော်" ကြွေးကြော်ရဲရဲ
စားဆွဲလုံ့ကိုင် စိတ်ဓာတ်ခိုင်
ရင်ဆိုင်တိုက်ပွဲ နွှဲသည်တည့်လေး။

* ဖက်ဆစ်ပြိုလဲ အောင်ပွဲလျှင်မြန်
တိုင်းရင်းသားထု စည်းလုံးမှုအခြေခံ
မျိုးချစ်အားမာန် အဖျက်ရန်ကျော်လွှား
အောင်လံတလူလူ လွှင့်စိုက်ထူ
ဂုဏ်ယူဝင့်ဝင့်ကြွားသည်တည့်လေး။

* သမိုင်းစံထား စွမ်းအားပြည့်မီ
ပင်လုံစိတ်ဓာတ် ထားအပ်အခြေတည်
စိတ်ချယုံကြည် ကိုယ်စီမယွင်း
လွတ်လပ်အမွေ ထိန်းသိမ်းလေ
မသွေပေးအပ် နှင်းသည်တည့်လေး။

* ညီနောင်သွေးချင်း ရိုင်းပင်းကူညီ
ဥမကွဲသိုက်မပျက် ခေတ်အဆက်ဆက်ရှည်တည်
တို့တိုင်းတို့ပြည် ဂုဏ်ရည်တင့်ကဲ
ပေါင်းစုဖော်ဆောင် တို့ပြည်ထောင်
ကမ္ဘာတည်အောင် မြဲသည်တည့်လေး။

ညီနောင်ထုလက်တွဲ မခွဲတကယ့်အချစ် ရှည်ကြာတည်
ပြည်ထောင်စုရက်စွဲ အမြဲတစ်ဆယ့်နှစ် ဖေဖော်ဝါရီ။ ။

အောင်မြင့်စိုး(ရေစကြို)